# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း

နေပြည်တော်



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့တွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ အဖွဲ့ခေါင်းဆောင်၏ အမည်စာရင်းကိုလည်းကောင်း၊ လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ ဖွဲ့စည်းကြောင်း ကြေညာခြင်း | ၃ |
| ၆ | မျက်မြင်သက်သေများကို အကာအကွယ်ပေးနိုင်သည့် ဥပဒေ တစ်ရပ်ရေးဆွဲပြဋ္ဌာန်းရန်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)ရှိ စက်မှုနည်းပညာ လေ့ကျင့်ရေးသင်တန်းကျောင်း(SITE)အား အစိုးရစက်မှု လက်မှု သိပ္ပံကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၇ |
| ၈ | ထားဝယ်တက္ကသိုလ်တွင် အဏ္ဏဝါဗေဒဘာသာရပ်တစ်ခု တိုးမြှင့် သင်ကြားနိုင်ရေးအစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၉ | သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တိုင်းရင်းဆေး အမည်ခံ သင်တန်းကျောင်းများ၊ တက္ကသိုလ်များအဖြစ် ဖွင့်လှစ် သင်ကြားပေးနေခြင်းများကို မည်ကဲ့သို့အရေးယူဆောင်ရွက်ထား သည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၁၀ | ပြည်သူများအား ခွေးရူးရောဂါအန္တရာယ်ကင်းဝေးစေရန် အသိပညာ ပေးခြင်းနှင့် လမ်းဘေးခွေး အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ ခွေးအားလုံးအား ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |

| | | |
|---|---|---|
| ၁၁ | လွန်ခဲ့သော နှစ် ၅၀ ကဲ့သို့ မြန်မာရေကူးလောက တစ်ခေတ်ဆန်း စေရန်နှင့် နိုင်ငံတကာခေတ်မီ ရေကူးကစားသမားများ ပေါ်ထွက်လာ စေရန် မည်ကဲ့သို့ ပြုစုပျိုးထောင်လေ့ကျင့်နေပါသနည်းနှင့် အခြေခံပညာနှင့် တက္ကသိုလ်မှကျောင်းသားများအား ပြုစုပျိုးထောင် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၂ | ဖလမ်းမြို့ ခုတင်(၂၀၀)ဆေးရုံတွင် ကျောက်ကပ်သန့်စင်စက် တပ်ဆင်ရန်နှင့် ၎င်းနှင့်ပတ်သက်သော အထူးကု ဆရာဝန် (ဆေးပညာ)ခန့်ထားရန်၊ အထွေထွေရောဂါကု ဆရာဝန်သမားတော် နှင့် လက်ထောက် ဆရာဝန်ခန့်ထားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၆ |
| ၁၃ | ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ဆေးလိပ်၊ ဆေးရွက်ကြီး နှင့်ဆေးရွက်ပါသည့် ကွမ်းယာသုံးစွဲမှု ထိန်းချုပ်လျှော့ချ နိုင်ရန် ထိရောက်သည့်မူဝါဒချမှတ် အကောင်အထည်ဖော်ရေး အစိုးရအားတိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၉ |
| ၁၄ | ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး လိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း | ၃၅ |
| ၁၅ | စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အမျိုးသား မှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းကိုတင်သွင်းခြင်း | ၃၅ |
| ၁၆ | အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း | ၃၇ |
| ၁၇ | စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း | ၃၉ |
| ၁၈ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၃၉ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## [ ၁၈–၇–၂၀၁၉ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေး အဖွဲ့တွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ အဖွဲ့ခေါင်းဆောင်၏ အမည်စာရင်းကိုလည်းကောင်း၊ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေး အဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ ဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **မျက်မြင်သက်သေများကို အကာအကွယ်ပေးနိုင်သည့် ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးထွန်းမြင့်၊ ဗဟန်း မဲဆန္ဒနယ်၏ **ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ် (၁)ရှိ စက်မှုနည်းပညာလေ့ကျင့်ရေးသင်တန်းကျောင်း(SITE)အား အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအဖြစ် အဆင့်တိုးမြှင့်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်စိုး၊ သရက်ချောင်း မဲဆန္ဒနယ်၏ **ထားဝယ်တက္ကသိုလ်တွင် အဏ္ဏဝါဇေဒဘာသာရပ်တစ်ခု တိုးမြှင့်သင်ကြားနိုင်ရေး အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုးစံသက်ထွန်း၊ မြင်းမူ မဲဆန္ဒနယ်၏ **သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တိုင်းရင်းဆေးအမည်ခံသင်တန်းကျောင်းများ၊ တက္ကသိုလ်များအဖြစ် ဖွင့်လှစ်သင်ကြားပေးနေခြင်းများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၏ **ပြည်သူများအား ခွေးရူးရောဂါ အန္တရာယ်ကင်းဝေးစေရန် အသိပညာပေးခြင်းနှင့် လမ်းဘေးခွေးအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ ခွေးအားလုံးအား ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **လွန်ခဲ့သော နှစ် ၅၀ ကဲ့သို့ မြန်မာရေကူးလောက တစ်ခေတ်ဆန်းစေရန်နှင့် နိုင်ငံတကာခေတ်မီ ရေကူးကစားသမားများ ပေါ်ထွက်လာစေရန် မည်ကဲ့သို့ ပြုစုပျိုးထောင် လေ့ကျင့်နေပါသနည်းနှင့် အခြေခံပညာနှင့် တက္ကသိုလ်မှကျောင်းသားများ အား ပြုစုပျိုးထောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာဆလိုင်းရီယန်းဖဲလ်၊ ဖလမ်း မဲဆန္ဒနယ်၏ **ဖလမ်းမြို့ ခုတင် (၂၀၀) ဆေးရုံတွင် ကျောက်ကပ်သန့်စင်စက် တပ်ဆင်ရန်နှင့် ၎င်းနှင့် ပတ်သက်သော အထူးကုဆရာဝန် (ဆေးပညာ) ခန့်ထားရန်၊ အထွေထွေ ရောဂါကု ဆရာဝန်သမားတော်နှင့် လက်ထောက်ဆရာဝန် ခန့်ထားရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်က **"ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ပါသည့် ကွမ်းယာသုံးစွဲမှု ထိန်းချုပ်လျှော့ချနိုင်ရန် ထိရောက်သည့် မူဝါဒချမှတ် အကောင်အထည်ဖော်ရေး အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က **"အမျိုးသားမှတ်တမ်းနှင့် မော်ကွန်း ဥပဒေကြမ်း"**ကို တင်သွင်းခြင်း၊

၁၀။ **"အမျိုးသားမှတ်တမ်းနှင့် မော်ကွန်း ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၁၁။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က တင်သွင်းသည့် **"အမျိုးသား မှတ်တမ်းနှင့် မော်ကွန်း ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်း လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**ဒုတိယနေ့မှတ်တမ်း**

**၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူ ပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း**

**ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၄၀၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၀၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

မူကြမ်း

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၇ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁၃ ရက်၊

(၂) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၃၀ ရက်၊

(၃) ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း ခွင့် ၁ ရက်၊

(၄) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၁ ရက်၊

(၅) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၆) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၁ ရက်၊

(၇) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၈) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၉) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၀) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊

(၁၁) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၁၂) လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ခွင့် ၁ ရက်၊

(၁၃) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၁ ရက်၊

(၁၄) ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ခွင့် ၁ ရက်၊

(၁၅) မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ခွင့် ၁ ရက်၊

(၁၆) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၁ ရက်၊

(၁၇) ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး ခွင့် ၁ ရက်နှင့်

(၁၈) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန် ကြားသူ ၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၈ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ

မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက် ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့တွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ အဖွဲ့ခေါင်းဆောင်၏ အမည်စာရင်းကိုလည်းကောင်း၊ လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ ဖွဲ့စည်းကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့မှာပါဝင်မယ့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ အဖွဲ့ခေါင်းဆောင်၏ အမည်စာရင်း၊ အဖွဲ့၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ (၁၅-၇-၂၀၁၉ ရက်နေ့)တွင် တင်ပြခဲ့ပါတယ်။ အဖွဲ့ ဖွဲ့စည်းခြင်းနဲ့ အဖွဲ့ရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း တို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အဖွဲ့ရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့မှာ အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာဒေါ်သန်းငွေ၊ တောင်ကြီးမဲဆန္ဒနယ်အား လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် ဒေါ်အေးအေးမူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အာဆီယံ ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဦးတင်အောင်ချို၊ လက်ထောက်ဌာနေကိုယ်စားလှယ် (ငြိမ်း)ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့်

လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

## မျက်မြင်သက်သေများကို အကာအကွယ်ပေးနိုင်သည့် ဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းရန်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရာဇဝတ်မှုခင်းများအတွက် တရားရုံးများမှာ သက်သေခံထွက်ဆိုကြတဲ့ မျက်မြင် သက်သေများကို အကာအကွယ်ပေးနိုင်တဲ့ဥပဒေတစ်ရပ် သို့မဟုတ် အစီအစဉ်တစ်ခု ပေါ်ထွက်လာ ရေးအတွက် ရည်ရွယ်ပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျွန်တော့်မဲဆန္ဒနယ်မြေ မှာ တွေ့ကြုံရတဲ့ရာဇဝတ်မှုများပေါ်မှာ အခြေခံလို့မေးမြန်းလိုတဲ့မေးခွန်းလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးရေးဟာ လူ့အဖွဲ့အစည်းတစ်ခုအတွက် အလွန်အရေးပါ တဲ့ကိစ္စဖြစ်သလို ဒီမိုကရေစီစနစ်ကိုကျင့်သုံးနေတဲ့နိုင်ငံတစ်နိုင်ငံအဖို့ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့ဘဝလုံခြုံရေးတို့အတွက်လည်း အလွန်အရေးပါပါတယ်။ ရာဇဝတ်မှုတစ်ခုကို ဖော်ထုတ် အရေးယူနိုင်ရန်အတွက် မျက်မြင်သက်သေအကြောင်းအမျိုးမျိုးကြောင့် ထုတ်ဖော်ပြောဆိုခြင်းမရှိ သည့်အခါ ဥပဒေရဲ့ရည်ရွယ်ချက်သည် အထမြောက်အောင်မြင်ခြင်းမရှိသလို တရားဥပဒေစိုးမိုးရေး ကိုလည်းပဲ ထိခိုက်လာရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်မြင်သက်သေများဟာ တရားရုံးများရဲ့နားများ၊ မျက်စိများဖြစ်ကြပါ တယ်လို့ ဆိုပါတယ်။ မျက်မြင်သက်သေများသည် ခြိမ်းခြောက်ခံလိုက်ရရင်ဖြစ်စေ၊ မှားယွင်းတဲ့ သက်သေခံချက်ကို ထွက်ဆိုဖို့ အကြပ် ကိုင်ခံခဲ့ရရင်ဖြစ်စေ မျှတတဲ့တရားစီရင်မှုကို ရနိုင်မှာမဟုတ်ဘူး လို့ တရားရုံးတော်များက အသိအမှတ်ပြု ထားတာကိုလည်း တွေ့ရှိရပါတယ်။ ထိုမျှသာမက တရားခံက သက်သေကို အကျဉ်းအကြပ်တွေ့အောင်ပြုခြင်း၊ လွယ်ကူအဆင်ပြေမှုမရှိအောင် ကသိကအောက် ဖြစ်အောင်လုပ်ခြင်း၊ စီးပွားရေးလုပ်ငန်းများကို ဖျက်လိုဖျက်ဆီးလုပ်ခြင်းတို့ကြောင့် နောင်ဖြစ်ပေါ် လာမည့် ကိစ္စရပ်တစ်ခုခုအတွက် သက်သေကို တရားခံ၏ဒေါသမှ အကာအကွယ်ပေးသင့်ကြောင်း တချို့နိုင်ငံတွေရဲ့ ဥပဒေဆိုင်ရာအဖွဲ့အစည်းများက အကြံပြုထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ သက်သေကိုအကာအကွယ် ပေးနိုင် မယ်ဆိုပါက အုပ်စုဖွဲ့ကျူးလွန်တဲ့ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်နေတဲ့ ရာဇဝတ်ဂိုဏ်းများကို သိရှိနေတဲ့ သူများဟာ နိုင်ငံတော်သက်သေ များဖြစ်လာနိုင်ပါတယ်။ ထိုရာဇဝတ်ဂိုဏ်းသားတချို့သည်လည်းပဲ နိုင်ငံတော်သက်သေများ

ဖြစ်လာ နိုင်ပါတယ်။ ဒီဥပဒေ သို့မဟုတ် အစီအစဉ်သည် အားလုံးကို အထူးလွှမ်းခြုံနိုင်တဲ့ အစီအစဉ် သို့မဟုတ် ဥပဒေ ဖြစ်တဲ့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရာမှာလည်း ကြီးမားစွာအထောက် အကူပြုနိုင်မယ်လို့ ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့နိုင်ငံများမှာတော့ တရားဝင်အားဖြင့် သက်သေကာကွယ်ရေးအစီ အစဉ်များ ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးပါဘူး။ သို့သော်လည်း ကမ္ဘာ့နိုင်ငံတော်တော်များများနှင့် အာရှ နိုင်ငံအတော်များများမှာတော့ တွေ့နေရပါတယ်။ တချို့နိုင်ငံတွေမှာ သက်သေနှင့်နစ်နာသူများ ကာကွယ်ရေးဥပဒေပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ တချို့နိုင်ငံတွေမှာတော့ သက်သေလုံခြုံရေး အစီအစဉ် သို့မဟုတ် သက်သေအကာအကွယ်ပေးရေးအစီအစဉ်တွေကို တရားရုံး ချုပ်တွေက စီမံခန့်ခွဲ နေတာကို တွေ့ရပါတယ်။ တချို့နိုင်ငံတွေမှာတော့ ပြည်သူ့လုံခြုံရေးဌာနတစ်ခုအတွင်းမှာ သက်သေ ကာကွယ်ရေးအာဏာပိုင်အဖွဲ့အနေနဲ့ ထားရှိတာကို တွေ့ရပါတယ်။ တချို့နိုင်ငံတွေမှာကျ တော့ တရားရေးဝန်ကြီးဌာနရဲ့ တရားစီရင်ပိုင်ခွင့်အောက်မှာ သက်သေကာကွယ်ရေးရုံးကို ထားရှိ ဆောင်ရွက်တာတွေကိုလည်း လေ့လာသိရှိရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ သက်သေကာကွယ်ပေးရေး အစီအစဉ် တစ်ခုကို ပြဋ္ဌာန်းရန် သို့မဟုတ် သက်သေအကာအကွယ်ပေးရေးဥပဒေတစ်ရပ်ကို ရေးဆွဲရန် မည်သို့စီစဉ်ထားရှိသည်ကို သိရှိလိုပါ၍ နိုင်ငံတော်နှင့် နိုင်ငံသားများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ဇော်သိန်း(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက် လာတဲ့သူများအားလုံး နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု တရားလွှတ်တော်ရှေ့နေချုပ် တရားသူကြီး ဦးအောင်ဇော်သိန်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်း နှင့်စပ်လျဉ်းပြီးတော့ ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားသွားပါမယ်။ ရှေးဦးစွာ သက်သေတွေကို အကာအကွယ် ပေးခြင်းဆိုတာနှင့်ပတ်သက်ပြီး နိုင်ငံတကာမှာ ဖွင့်ဆိုထားတဲ့ အဓိပ္ပာယ်အရဆိုရင်တော့ တရားရုံးတွေမှာ မှန်ကန်မျှတ ထိရောက်တဲ့ စစ်ဆေးစီရင်ဆုံးဖြတ်မှုရရှိဖို့အတွက် မှုခင်းနှင့်စပ်လျဉ်းပြီး ကျူးလွန်ခြင်းခံရသူနှင့် သိမြင်သူသက်သေများက မကွယ်မဝှက်မှန်ကန်စွာ လာရောက်ထွက်ဆိုရာမှာ ခြိမ်းခြောက်ခြင်းခံရတဲ့ သက်သေတစ်စုံတစ်ယောက်အား အမှုစစ်ဆေး စီရင်ခြင်းမတိုင်မီ စစ်ဆေးဆဲ ကာလအတွင်းနှင့် စစ်ဆေးစီရင်ဆုံးဖြတ်ပြီးနောက်ပိုင်းအထိ အကာအကွယ်ပေးရန် ဆိုလိုခြင်းဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီကိစ္စရပ်တွေက များသောအားဖြင့် မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှုနှင့် ငွေကြေးခဝါချမှုအစရှိတဲ့ အုပ်စုဖွဲ့ကျူးလွန်တဲ့ ရာဇဝတ်မှုခင်းတွေမှာ ကျူးလွန်ခြင်းခံရသူနှင့် သက်သေများကို တရားခံများနှင့် ၎င်းတို့၏အပေါင်းအပါများက အန္တရာယ်ပေးခြိမ်းခြောက်မှုမှ အကာ အကွယ်ပေးရန် ရည်ရွယ်ပါတယ်။

သက်သေတွေအကာအကွယ်ပေးရေး ဆောင်ရွက်ကြတဲ့အခါမှာ ခုနတုန်းက လွှတ်တော် ကိုယ်စားလှယ်ကြီး ပြောပြသွားသလိုပဲ နိုင်ငံတကာမှာ နည်းလမ်းမျိုးစုံနှင့် ကျင့်သုံးပါတယ်။ ဒီ Witness Protection Program လို့ခေါ်တဲ့ ခုနပြောတဲ့အစီအစဉ်တွေလည်း လုပ်ပါတယ်။ တချို့နိုင်ငံတွေမှာ တော့ ဥပဒေတွေပြုပြီးတော့မှလုပ်ကြပါတယ်။ ကနေဒါ၊

ဟောင်ကောင်၊ အိုင်ယာလန်၊ အစ္စရေး၊ အီတလီ၊ နယူးဇီလန်၊ ထိုင်ဝမ်၊ ဆွစ်ဇာလန်၊ ယူကရိန်း၊ အင်္ဂလန်နှင့် အမေရိကန်စတဲ့နိုင်ငံတွေမှာတော့ သက်သေအကာအကွယ်ပေးရေးအတွက် သီးခြားအစီအမံနဲ့ စီစဉ်ဆောင်ရွက်ပေးတာကို တွေ့ရှိရ ပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံတော်ဟာ နိုင်ငံသားများ၏ လုံခြုံမှုအတွက် ဥပဒေအရ အကာအကွယ် ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၇ မှာ ပြဋ္ဌာန်းချက်တစ်ရပ်ထည့်သွင်းထားပြီးတော့မှ ၂၀၁၇ ခုနှစ်မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၅)နဲ့ နိုင်ငံသားရဲ့ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ် ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းပြီး နိုင်ငံတော်က နိုင်ငံသားများအား တာဝန်ယူမှု၊ တာဝန်ခံမှုဆောင်ရွက်ပေးထားပါတယ်။

နိုင်ငံအတွင်းမှာရှိတဲ့ တည်ဆဲဥပဒေတွေကို လေ့လာလို့ရှိရင်လည်း ရာဇသတ်ကြီးဥပဒေ အခန်း(၂၂)မှာ ရာဇဝတ်မကင်းတဲ့ ခြောက်လှန့်မှုတွေ၊ စော်ကားမှုတွေ၊ ငြိုငြင်မှုတွေကို အကာအကွယ် ပေးနိုင်တဲ့ ပြဋ္ဌာန်းချက်တွေကိုလည်း ပြဋ္ဌာန်းထားပါတယ်။ ထို့အတူ သက်သေခံဥပဒေမှာဆိုရင် ရာဇဝတ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်းပြီး သတင်းပေးတဲ့သူကို ကာကွယ်ပေးဖို့ ပုဒ်မ ၁၂၅ မှာ ပြဋ္ဌာန်း ထားပါတယ်။ နောက်တစ်ခါ သက်သေတွေ တရားရုံးကိုလာရောက် သက်သေထွက်ဆိုချက်အပေါ်မှာ မေးခွန်းများမေးမြန်းတာနှင့်စပ်လျဉ်းပြီး အကာအကွယ်ပေးဖို့အတွက် ပုဒ်မ ၁၄၈ ၊ ၁၅၁ နှင့် ၁၅၂ တို့မှာ ပြဋ္ဌာန်းထားပါတယ်။ ထို့အတူပဲ ဖော်ကောင်သက်သေတွေနဲ့ပတ်သက်ပြီး အကာအကွယ် ပေးဖို့အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၃၇ နှင့် ၃၃၈။ နောက်တစ်ခါ လောင်းကစားဥပဒေပုဒ်မ ၂၄ အဲဒီမှာပြဋ္ဌာန်း ထားတာဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေအခန်း(၅)မှာ လူကုန်ကူးခြင်း ခံရတဲ့သူတွေကို ကာကွယ်ပေးဖို့အတွက် ကာကွယ် ပေးဖို့အတွက် ပုဒ်မ ၁၁ နှင့် ၁၇ တို့မှာပြဋ္ဌာန်းထားပါတယ်။ နောက်တစ်ခါ ပြစ်မှုဆိုင်ရာကိစ္စရပ်များမှာ နိုင်ငံအချင်းချင်းကို ကူညီပေးရေးဥပဒေပုဒ်မ ၃၁ နှင့် ၃၅ ၊ ပြည်သူ့တန်ဆာနှိပ်ကွပ်ရေးဥပဒေပုဒ်မ ၁၆ တို့မှာလည်း သက်သေတွေကို အကာအကွယ်ပေးဖို့အတွက် သီးခြားပြဋ္ဌာန်းထားပါတယ်။ နောက် တရားမဝင်တဲ့ နည်းလမ်းနဲ့ရရှိတဲ့ ငွေကြေးတွေ၊ ပစ္စည်းတွေထိန်းချုပ်ရေးဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ည)မှာ သတင်းပေးသူကို အကာအကွယ် ပေးရန် ပြဋ္ဌာန်းထားပါတယ်။ နောက်အခုပြဋ္ဌာန်းထားမယ့် ကလေး သူငယ် ပုဒ်မ ၉၄ နှင့် ၉၅ တို့မှာဆိုရင်လည်း ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များနှင့် ကလေးသူငယ်သက်သေများအား အကူအညီနှင့် အကာအကွယ် ပေးခြင်းခေါင်းစဉ်နှင့် ဖော်ပြပြီး သီးခြားပြဋ္ဌာန်းထားပါတယ်။ နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၇ ပုဒ်မခွဲ(ည) မှာဆိုရင်လည်း သတင်းပေးတဲ့သူတွေ၊ သက်သေတွေ၊ နစ်နာသူတွေ၊ တိုင်ကြားသူတွေကို အကာအကွယ် ပေးခြင်းကို ထည့်သွင်းပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

အကျဉ်းချုပ်ပြောရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ပြည်တွင်းမှာရှိတဲ့ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတွေမှာ သက်သေတွေနဲ့ပတ်သက်လို့၊ ဖော်ကောင်တွေနဲ့ ပတ်သက်လို့ ဘယ်လိုကာကွယ်ရမယ်ဆိုတာတွေ သီးခြားပြဋ္ဌာန်းထားပါတယ်။ ထို့အတူ ပြည်တွင်းမှာ သုံးနေတဲ့ အထူးဥပဒေတွေဖြစ်တဲ့ လူကုန်ကူးမှုကာကွယ် တားဆီးရေးဥပဒေတွေ၊ မူးယစ်ဆေးဝါးဥပဒေ၊ ကလေးသူငယ်ဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတို့မှာလည်း အထက်ကတင်ပြသလို သက်သေတွေနဲ့၊ သတင်းပေးတဲ့သူတွေနဲ့ပတ်သက်လို့ ဘယ်လိုကာကွယ်ပေးရမယ်ဆိုတာ ထည့်သွင်း ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အခုတင်ပြခဲ့သလိုပဲ သက်ဆိုင်ရာ ပြည်တွင်းမှာ ပြဋ္ဌာန်း ထားတဲ့ဥပဒေအသီးသီးမှာ သက်သေများကို ကာကွယ်ပေးဖို့အတွက် သီးခြား ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနှင့် သက်သေများ ကို အကာအကွယ်ပေးနိုင်တဲ့ ဥပဒေတစ်ရပ်ကို သီးခြားရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)ရှိ စက်မှုနည်းပညာလေ့ကျင့်ရေးသင်တန်းကျောင်း(SITE)အား အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းမြင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)ရှိ စက်မှုနည်းပညာလေ့ကျင့်ရေးသင်တန်းကျောင်း(SITE) အား အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(GTI)အဆင့် တိုးမြှင့်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ကျောင်းရဲ့ သမိုင်းအကျဉ်းကို တင်ပြရမယ်ဆိုရင် ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)ရှိ စက်မှုနည်းပညာ လေ့ကျင့်ရေးသင်တန်းကျောင်းသည် ယခင်က အမှတ်(၁)အခြေခံပညာဦးစီးဌာနရုံးချုပ် ဖြစ်ခဲ့ပါတယ်။ အကျယ်အဝန်းအားဖြင့် ၂.၅ ဧကကျော်ရှိပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်တိုက်တွန်းချက်နှင့်အညီ ပညာရေးဝန်ကြီး ဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် Sea Lion ကုမ္ပဏီမှ တာဝန်ရှိသူများသည် နိုင်ငံအတွင်း စက်မှုသက်မွေးပညာကဏ္ဍမြှင့်တင်ရေးကိုရည်ရွယ်၍ စက်မှု နည်းပညာ သင်တန်းကျောင်းကို ပူးပေါင်းဖွင့်လှစ်ရန် သဘောတူညီခဲ့ကြပါတယ်။ စက်မှုနည်းပညာ လေ့ကျင့်ရေးကျောင်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ခေတ်နှင့်အညီ လိုအပ်လျက်ရှိသော Industrial Technologies၊ Industrial Automation သင်တန်းများကို ပို့ချပေးပြီး ကျွမ်းကျင် လုပ်ငန်းသားများ မွေးထုတ်ပေးရန် Outcome Based Education Training(OBET)နည်းစနစ် လက်တွေ့ အကောင်အထည်ဖော်ပြီး လုပ်ငန်းခွင်လိုအပ်သော ကျွမ်းကျင်မှုများကို ချိတ်ဆက်ဖြည့်ဆည်းပေးရန် လက်ရှိနှင့်နောင်လာမည့် Industry Revolution များအတွက် လိုအပ်သည့် Knowledge နှင့် SKill စဉ်ဆက်မပြတ် ဖြည့်ဆည်း မြှင့်တင်ပေးရန်တို့ဖြစ်ပါတယ်။

စက်မှုနည်းပညာလေ့ကျင့်ရေးသင်တန်းကျောင်းကို နှစ်တို၊ နှစ်ရှည်မွမ်းမံပြင်ဆင်မှုများနှင့် တည်ဆောက်ရေး လုပ်ငန်းများကို တိုးချဲ့တည်ဆောက်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကျောင်းကိုစတင်ဖွင့်လှစ်ပြီး ပထမနှစ်တွင် သင်တန်းနှစ်ခုကို စတင်ပြီး သင်ကြားပေးနိုင်ခဲ့ပါတယ်။ ဒုတိယနှစ်တွင် သင်တန်းငါးခုကို တိုးချဲ့သင်ကြားပေးနိုင်ခဲ့ပါတယ်။ ယခု တတိယနှစ်တွင် သင်တန်း ခုနစ်ခုကို ဆက်လက်သင်ကြားပေးနေဆဲ ဖြစ်ပါတယ်။ ဒါကတော့ လက်ရှိကျောင်းရဲ့ဖွဲ့စည်းပုံပဲ ဖြစ်ပါ တယ်။ ဒါကတော့ ကျောင်းသားကျောင်းသူများ စာတွေ့၊ လက်တွေ့သင်ကြားနေမှုမှတ်တမ်းများပဲ ဖြစ်ပါတယ်။ ဒါကလည်း ကျောင်းသားကျောင်းသူများ လက်တွေ့သင်ကြားနေတဲ့ မှတ်တမ်းဓာတ်ပုံ များပဲ ဖြစ်ပါတယ်။ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)ရှိ စက်မှုနည်းပညာလေ့ကျင့်ရေး သင်တန်းကျောင်းအား အစိုးရစက်မှုလက်မှု သင်တန်း

ကျောင်းအဖြစ် အဆင့်တိုးမြှင့်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးမေတ္တာပို့သအပ်ပါတယ်။ ရန်ကုန် တိုင်းဒေသကြီး၊ ဗဟန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးထွန်းမြင့်၏ မေးခွန်း ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)ရှိ စက်မှုနည်းပညာ လေ့ကျင့်ရေးသင်တန်းကျောင်း(SITE)အား အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းအဖြစ် အဆင့်တိုးမြှင့်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ဦးဝင်းမော်ထွန်းက ဖြေကြား တင်ပြမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ ခရိုင်အားဖြင့် လေးခရိုင်ရှိပြီး နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အနေဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၊ ရွှေပြည်သာစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာ အထက်တန်းကျောင်း(ရွာမ)၊ ရန်ကုန်တောင်ပိုင်း ခရိုင်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)၊ အနောက်ပိုင်းခရိုင်တွင် စင်ကာပူ- မြန်မာသက်မွေးပညာသင်ကျောင်း (SMVTI)၊ တင်ပြပါ စက်မှုနည်းပညာ လေ့ကျင့်ရေးသင်တန်း ကျောင်း(SITE) စုစုပေါင်း ခြောက်ကျောင်းကို ဖွင့်လှစ်ထားပြီး ပုံမှန်အင်ဂျင်နီယာသင်တန်းများနှင့် ဒေသလိုအပ်ချက်အရ ဖွင့်လှစ်တဲ့ ကာလတိုသင်တန်းများပါ ဆောင်ရွက်လျက်ရှိပါကြောင်း ဦးစွာ တင်ပြလိုပါတယ်။

ဒါကတော့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ စက်မှုနည်းပညာလေ့ကျင့်ရေးသင်တန်းကျောင်း ရဲ့မြေပြင်အနေအထား ပြပုံဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ Google Map မြင်ကွင်းအရ မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားပြီး ဖြစ်တဲ့အတိုင်း နည်းပညာနှင့် သက်မွေးပညာ လေ့ကျင့်ရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် Sea Lion Co.,Ltd၊ ၎င်း၏မိတ်ဖက်များဖြစ်တဲ့ ဂျာမန်ကုမ္ပဏီများဖြစ်တဲ့ Festo, Emco, Felder တို့နှင့် ပူးပေါင်းပြီး စက်မှုနည်းပညာလေ့ကျင့်ရေးသင်တန်းကျောင်း(SITE)ကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ်(၁)မှာ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ပြီး နိုင်ငံတော်အတွက်လိုအပ်တဲ့ Industrial Automation ကဏ္ဍအတွက် Basic နဲ့ Advance Industrial Skills များအား ကာလတိုအတွင်း စာတွေ့၊ လက်တွေ့ သင်ကြားလျက်ရှိပါ တယ်။

စက်မှုနည်းပညာလေ့ကျင့်ရေးသင်တန်းကျောင်း (SITE)မှာ လက်ရှိသင်ကြားလျက်ရှိတဲ့ ကာလတိုသက်မွေးသင်တန်းများအပြင် ဒေသလိုအပ် ချက်နှင့်ကိုက်ညီတဲ့ AGTI Diploma Level သင်တန်းများအဆင့် တိုးမြှင့်ပြီးတော့ အရည်အသွေးပြည့် သက်မွေးပညာသင်တန်းများ ထပ်မံတိုးချဲ့ ဖွင့်လှစ်ရန်စီမံချက်များ ရေးဆွဲလျက်ရှိပြီး ထပ်မံတိုးချဲ့ ဖွင့်လှစ်မည့် AGTI Diploma in Industrial Automation၊ AGTI Diploma in CNC Production၊ AGTI Diploma in Wooding Technology ဘာသာရပ်များအတွက် လိုအပ်သော သင်ရိုးညွှန်းတမ်းများနှင့် သင်ရိုးမာတိကာများ ကို

ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လက်ရှိသင်တန်း ပို့ချနေတဲ့ ပုံမှန်သင်တန်းများဖြစ်ပါတယ်။ ဒါကတော့ ဒေသလိုအပ်ချက်အလိုက် ဖွင့်လှစ်သင်ကြားမည့် ဘာသာရပ်သင်တန်းများ ဖြစ်ပါတယ်။ ဒါက လက်ရှိကျောင်းသားစာရင်း ၁၅၀ ဦးတက်ရောက်နေပါ ကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ သင်တန်းဆင်းပြီးတဲ့ ကျောင်းသားတွေထဲကနေ ၃၈ ရာခိုင်နှုန်း အလုပ်ထဲမှာ ဝင်ရောက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ယခုအခါ စက်မှုနည်းပညာလေ့ကျင့်ရေးသင်တန်းကျောင်း(SITE)မှာ လက်ရှိအဆောက်အဦက သုံးခုရှိပြီး ပင်မလေးထပ်ဆောင်ကြီးကို အကြီးစားမွမ်းမံမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်ရုံ သုံးထပ်ဆောင်တည်ဆောက်ခြင်းနှင့် Inquiry ဌာနတစ်ထပ်ဆောင် တည်ဆောက်ခြင်းများ လည်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးသွားရင် ဖြစ်လာမည့်ပုံစံလေးကို တင်ပြအပ်ပါတယ်။ ဒီဟာကလည်း ဘေးတိုက်အနေအထား မြင်ကွင်းလေးအား တင်ပြအပ်ပါတယ်။ ဒီဟာလည်း ကျောင်းရှေ့မျက်နှာစာမြင်ကွင်း စီမံကိန်းလုပ်ငန်း များပြီးသွားရင် မြင်ရမည့်ပုံဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိဆောက်လုပ်ပြီး အဆောက်အဦ များကို တင်ပြခြင်းဖြစ်ပါတယ်။ ဆောက်လုပ်ဆဲ သုံးထပ်ဆောင်အလုပ်ရုံ ဖြစ်ပါတယ်။ ဒါကျောင်း အဆောက်အဦပုံစံတွေ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ နတ်မောက် လမ်းသွယ်(၁)ရှိ စက်မှုနည်းပညာလေ့ကျင့်ရေးသင်တန်းကျောင်း(SITE)အား အစိုးရစက်မှုလက်မှုသိပ္ပံ ကျောင်းအဖြစ် အဆင့်တိုးမြှင့် နိုင်ရေးအတွက် လိုအပ်တဲ့အခြေခံအဆောက်အဦတွေ ဆောက်လုပ်ခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းခြင်း၊ လိုအပ်သောဆရာဆရာမဝန်ထမ်းများအား လေ့ကျင့် ဖြည့်ဆည်းခြင်းတို့ကို လက်ရှိဦးစားပေးဆောင်ရွက်နေပါကြောင်းနှင့် လာမည့် ၂၀၂၀-၂၀၂၁ ပညာ သင်နှစ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံအဖြစ် ဖွင့်လှစ်ရန်ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း ရှိသေ စွာတင်ပြအပ်ပါတယ်။

**ထားဝယ်တက္ကသိုလ်တွင် အဏ္ဏဝါဗေဒဘာသာရပ်တစ်ခု တိုးမြှင့်သင်ကြားနိုင်ရေးအစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(သရက်ချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သရက်ချောင်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ ထားဝယ်တက္ကသိုလ်မှာ အဏ္ဏဝါသိပ္ပံဘာသာရပ်တစ်ခုကို တိုးချဲ့ဖွင့်လှစ်သင်ကြားပေးနိုင် ရေးအတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ တက္ကသိုလ်ပေါင်း များစွာရှိသည့်အနက် အဏ္ဏဝါသိပ္ပံဘာသာရပ်ကို မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ မြိတ် တက္ကသိုလ်နှင့် စစ်တွေတက္ကသိုလ်များမှာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိတယ်လို့ သိရှိရပါတယ်။ မော်လမြိုင်တက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်များ ကျောင်းသူကျောင်းသား များကို အဏ္ဏဝါသိပ္ပံ ဘာသာရပ်ရဲ့သင်ရိုးညွှန်းတမ်းလိုအပ်ချက်တစ်ခုဖြစ်တဲ့ လက်တွေ့ကွင်းဆင်းလေ့လာခြင်းကို ထားဝယ် ဒေသရှိ မောင်းမကန်ကမ်းခြေ၊ ကမ်းပနီကမ်းခြေ၊ မြင်းခွာအော်ကမ်းခြေ၊ မျောပြင်ကမ်းခြေ၊ ဖိုးဖိုးကျောက်ကမ်းခြေနှင့် ကျောက်ခမောက်ကမ်းခြေများမှာ ရက်တိုရက်ရှည်ခရီးစဉ်များဖြင့် နှစ်စဉ် ကျက်မှတ်သင်ယူနေကြရပါတယ်။ တနင်္သာရီ ကမ်းရိုးတန်းဒေသရဲ့ထားဝယ်ဒေသရှိ ပင်လယ်ကမ်းခြေ များဟာ သဘာဝအတိုင်း မပျက်စီးဘဲ တည်ရှိနေသော

ကမ်းခြေများဖြစ်ခြင်း၊ ရေနေဇီဝမျိုးစုံမျိုးကွဲ များ၊ ရေနေသဘာဝများ၊ သယံဇာတများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အသုံးချသုတေသန များ ပေါ်ထွန်းလာစေရန် သယံဇာတပေါကြွယ်ဝမှုကို မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ထားဝယ်ရေနက်ဆိပ်ကမ်း အကောင်အထည် ပေါ်လာပါက သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများအား ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက် နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များစုစည်း၍ ရေရှည်ရေတိုစီမံကိန်းများချမှတ်ကာ ထိန်းသိမ်း စောင့်ရှောက်ရန် အထူးလိုအပ်လျက်ရှိကြောင်းကို ထားဝယ်ဒေသခံ အဏ္ဏဝါသိပ္ပံဘာသာရပ်ဆိုင်ရာပညာရှင်များက ကျွန်တော့်အား လာရောက်တွေ့ဆုံ ဆွေးနွေးတင်ပြလာကြပါတယ်။ သို့ပါ၍ မော်လမြိုင်တက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်များမှာ တာဝန် ထမ်းဆောင်နေကြသော ထားဝယ်ဒေသခံအဏ္ဏဝါသိပ္ပံပညာရှင် ကထိကနှင့် လက်ထောက်ကထိကများရဲ့ တင်ပြချက်များအရ ထားဝယ်တက္ကသိုလ်တွင် အဏ္ဏဝါသိပ္ပံပညာရပ်တစ်ခု တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရန် ဒေသခံပညာရှင် များရှိခြင်း၊ လေ့လာသင်ယူနိုင်ရန် ဒေသအခြေခံကောင်းများတည်ရှိခြင်းနှင့် ထားဝယ်တက္ကသိုလ်ဟာလည်းပဲ အထက်ပါ ကမ်းခြေများ ပိုင်ဆိုင်တဲ့ လောင်းလုံးမြစ်မှာတည်ရှိနေတဲ့အတွက် တင်ပြပါဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းပြီး ကျောင်းသူကျောင်းသားများအား ဆက်လက် သင်ယူနိုင်ခြင်း၊ ဒေသခံလူငယ်များ အဏ္ဏဝါသိပ္ပံဘာသာရပ်အား သင်ယူ နိုင်ခွင့်ရရှိပြီး နောင်ဖွံ့ဖြိုး တိုးတက်လာမည့် ထားဝယ်ဒေသနှင့် နိုင်ငံတော်အတွက်ပါ အဏ္ဏဝါသိပ္ပံပညာရှင်များ မွေးထုတ် ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲနေသည်နှင့်အညီ လာမယ့်ပညာသင်နှစ်များမှာ ထားဝယ်တက္ကသိုလ်၌ အဏ္ဏဝါသိပ္ပံဘာသာရပ်တစ်ခုတိုးချဲ့ဖွင့်လှစ်ပေးနိုင်ပါရန် ဒေသခံအဏ္ဏဝါ သိပ္ပံပညာရှင် များ၏တင်ပြချက်နှင့်အတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနသို့ တင်ပြတောင်းခံမေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးအောင်စိုး၏ မေးခွန်းဖြစ်သော ထားဝယ်တက္ကသိုလ်တွင် အဏ္ဏဝါဗေဒဘာသာရပ်တစ်ခု တိုးမြှင့်သင်ကြားနိုင်ရေး အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော်ကပဲ ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့် ပညာဦးစီးဌာန၊ ထားဝယ်တက္ကသိုလ်တွင် အဏ္ဏဝါသိပ္ပံဘာသာရပ် ဖွင့်လှစ်သင်ကြားနိုင်ပါက ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ဒေသခံလူငယ်လူရွယ်များအနေဖြင့် အဏ္ဏဝါသိပ္ပံဘာသာရပ် နှင့်ပတ်သက်သည့် အသိပညာဗဟုသုတများကို လေ့လာ ဆည်းပူးခွင့်ရရှိနိုင်မည်ဖြစ်သည့်အပြင် ဒေသခံလူငယ်များအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည် ဖြစ်ပါကြောင်း ဦးစွာ တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် လက်ရှိတွင် အဏ္ဏဝါ သိပ္ပံဘာသာရပ်ကို မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်နှင့် စစ်တွေတက္ကသိုလ်တို့တွင် ဖွင့်လှစ်

သင်ကြားပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီဟာကတော့ ပုသိမ်တက္ကသိုလ် အင်္ဂလိပ်သိပ္ပံနှင့်လေ့ကျင့်ရေးစခန်း ဆောင်ရွက်နေပုံကို တင်ပြရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီတက္ကသိုလ်မှာ အင်္ဂလိပ်သိပ္ပံဘာသာရပ်ဆိုင်ရာ သုတေသန ဆောင်ရွက်မှုများကို တင်ပြခြင်းဖြစ်ပါတယ်။ ဒီဟာက ကျောင်းသူကျောင်းသားတွေ အင်္ဂလိပ်သိပ္ပံဘာသာရပ် လက်တွေ့ သုတေသန ဆောင်ရွက်နေပုံဖြစ်ပါတယ်။ ဒီဟာကတော့ မြိတ်တက္ကသိုလ်ရဲ့အင်္ဂလိပ်သိပ္ပံဘာသာရပ်ဆိုင်ရာ သုတေသန ဆောင်ရွက်နေမှုများကို တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ မြိတ်တက္ကသိုလ်မှာ အင်္ဂလိပ် သိပ္ပံဘာသာရပ် ဆိုင်ရာသုတေသနဆောင်ရွက်မှုများကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါ အင်္ဂလိပ်သိပ္ပံ ဘာသာရပ်ဆိုင်ရာသုတေသနကို မော်လမြိုင်တက္ကသိုလ်ကျောင်းသားများ ကွင်းဆင်းဆောင်ရွက်နေပုံအား တင်ပြထားခြင်းဖြစ်ပါတယ်။ ဒီဟာက မော်လမြိုင် တက္ကသိုလ်ရဲ့လက်ရှိဆောင်ရွက်နေမှုများကို တင်ပြခြင်းဖြစ်ပါတယ်။

တက္ကသိုလ်တစ်ခုမှာ ဘာသာရပ်တစ်ခု တိုးမြှင့်ဖွင့်လှစ်တော့မယ်ဆိုရင် ဒီဘာသာရပ်အတွက် တက်ရောက်မယ့် ကျောင်းသားကျောင်းသူဦးရေ၊ သင်ကြားမည့်ဆရာဆရာမအင်အား၊ သင်ကြားပေး မယ့်သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ စာသင်ခန်းနှင့် သင်ထောက်ကူပစ္စည်းများအခြေအနေ၊ သင်ကြားရေးကိစ္စရပ်များ ဆောင်ရွက်ထားမှုအခြေအနေ၊ ဖွင့်လှစ်မည့်ကျောင်းရဲ့ပညာရေးအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်၊ ဘာသာရပ်ဆိုင်ရာ သင်ကြားရေး အဖွဲ့အစည်းအဝေးများမှ ဆုံးဖြတ်ချက်များအရ ပါမောက္ခချုပ်ကနေ ထောက်ခံတင်ပြပြီး အမျိုးသား ပညာရေးမူဝါဒကော်မရှင်နှင့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မရှင်တို့ရဲ့သဘောတူညီမှုဖြင့် ဖွင့်လှစ်ရန် အတည်ပြု ဆောင်ရွက်ရပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိအနေအထားအားဖြင့် ပညာရေး ဝန်ကြီးဌာန၊ အဆင့်မြင့်ပညာ ဦးစီးဌာနရဲ့စိစစ်ချက်အရ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မြိတ် တက္ကသိုလ်မှာအင်္ဂလိပ်သိပ္ပံဘာသာရပ်ကို လေ့လာသင်ယူ သူများအဖြစ် ၂၀၁၈ ခုနှစ် တက္ကသိုလ် ဝင်တန်းအောင်မြင်သူများအနက်မှ ထားဝယ်မြို့နယ်မှ သုံးဦး၊ လောင်းလုံးမြို့နယ်မှ တစ်ဦး စုစုပေါင်း လေးဦးသာ ပညာသင်ကြားလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ သင်ယူမည့်ကျောင်းသား ဦးရေနည်းပါးနေတဲ့အခြေအနေရှိတဲ့အတွက် ထားဝယ်တက္ကသိုလ်မှာ အင်္ဂလိပ်သိပ္ပံဘာသာရပ်ဖွင့်လှစ် သင်ကြားရန် လောလောဆယ်တွင် အစီအစဉ်မရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ တိုင်းရင်းဆေးအမည်ခံ သင်တန်းကျောင်းများ၊ တက္ကသိုလ်များအဖြစ် ဖွင့်လှစ်သင်ကြားပေးနေခြင်းများကို မည်ကဲ့သို့အရေးယူဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးစံသက်ထွန်း(မြင်းမူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အစည်းအဝေးကို တက်ရောက်လာသူအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မြင်းမူမဲဆန္ဒနယ်က ဦးစိုးစံသက်ထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ကျန်းမာရေးအသိ နည်းပါးတဲ့ပြည်သူတွေဟာ တရားမဝင်ဆေးကုသကြသူများရဲ့ သားကောင်ဖြစ်မှန်းမသိဖြစ်နေကြရ ပါတယ်။ တရားမဝင်ဆေးကုသကြသူတွေက မိမိရဲ့ကိုယ်ကျိုးအတွက်ကိုရှေ့တန်းတင်ပြီး ကျန်းမာရေး အသိနည်းတဲ့ပြည်သူတွေကို စမ်းသပ်စရာတစ်ခုလို အသုံးပြုကုသနေကြပါတယ်။ အနောက်တိုင်း ဆေးပညာရပ်ကိုရော၊ တိုင်းရင်းဆေးပညာရပ်ကိုပါ ခုတုံးလုပ်ပြီး သက်ဆိုင်ရာကောင်စီများက အသိအမှတ် ပြုထားခြင်းမရှိတဲ့

ကုထုံးနည်းစနစ်တွေနဲ့ ကုသကြသလို ဆေးပညာရှင်တွေ လိုက်နာရမယ့် ကတိသစ္စာတွေကိုလည်း လိုက်နာခြင်းမရှိဘဲ ကုသနေတာတွေရှိနေပါတယ်။ ဒီကနေ့မှာတော့ ကျွန်တော့်အနေနဲ့ တိုင်းရင်းဆေးပညာရပ်ကိုခုတုံးလုပ်ပြီး တရားမဝင် ဖွင့်လှစ်သင်ကြားနေတဲ့ သင်တန်းကျောင်းတွေ၊ ဆေးခန်းတွေနဲ့ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းဆေးပညာရှင်တွေကိုမွေးထုတ်ပေးခဲ့တဲ့သမိုင်းကိုပြန်ကြည့်မယ် ဆိုလို့ရှိရင် သုံးဘာသာ သင်တန်းက ဆရာတွေရှိပါတယ်။ ဒီပလိုမာရဆရာတွေရှိပါတယ်။ နောက် လေးဘာသာနဲ့ တစ်နှစ်သင်တန်းကဆရာတွေ အရင်ကရှိခဲ့ပါတယ်။ လက်ရှိမှာတော့ မြန်မာနိုင်ငံရဲ့ တစ်ခုတည်းသော တိုင်းရင်းဆေးတက္ကသိုလ်ကပင် သင်ကြားမွေးထုတ်ပေးနေတာဖြစ်ပါတယ်။ ဒီထဲက မပာုတ်ဘဲနဲ့ အခြားတိုင်းရင်းဆေး အမည်ခံသင်တန်းကျောင်းတွေ အားလုံးဟာ တရားမဝင်ဘဲဖြစ်ပါတယ်။ ဒီသင်တန်းတွေမှာ စနစ်တကျလေ့ကျင့်သင်ကြားမှုတွေမရှိသလို ဆေးပညာရှင်တွေ ရှိရမယ့် သုတေသနဆိုင်ရာအမြင်တွေ၊ လိုက်နာရမယ့် ကတိသစ္စာတွေကိုလည်းပဲ လိုက်နာခြင်းမျိုးမရှိနိုင်ဘဲ သင်ကြား တည့်မတ်ပေးနိုင်ခြင်းမျိုးလည်းမရှိတာကိုလည်းပဲ တွေ့ရပါတယ်။ ဒီသင်တန်းတွေကနေ ဆေးကုသခွင့်တွေ၊ ဆေးထိုးခွင့်တွေကို တရားဝင်သဖွယ် လက်မှတ်တွေထုတ်ပေးနေတဲ့အခါမှာ ပြည်သူတွေအတွက် ထင်ယောင်ထင်မှားလည်းဖြစ်စေတတ်ပါတယ်။

ဒီလိုတရားမဝင်သင်တန်းဆင်းတွေ လက်လှမ်းမီရာကိုလေ့လာပြီးတော့ ကုသကြသူတွေရဲ့ ကုသချက်ဟာ ပြည်သူတွေအတွက် အင်မတန်မှအန္တရာယ်များလှပါတယ်။ ဥပမာအနေနဲ့ပြောရရင် ကင်ဆာသံသယရှိတဲ့လူနာတစ်ယောက်ကို ဆေးပညာရှင်က ကင်ဆာအထူးကုဆီသွားဖို့ ပြောပါတယ်။ ဒါပေမဲ့ လူနာက ကျန်းမာရေးအသိနည်းတော့ တရားမဝင် ဆေးကုသသူတွေရဲ့ စကားကိုယုံပြီးတော့ သွားပါတယ်။ အဲဒီအခါမှာ အလွန်အင်မတန်ပူတဲ့ဆေးတွေကိုကပ်တယ်။ အရေပြားအပူလောင်ပြီးတော့ ပေါက်ထွက်တာကို အနာပေါ်ကုတယ်ဆိုပြီးကုကြတယ်။ နောက်မနိုင်တော့မှ ဆေးရုံ၊ ဆေးခန်း ရောက်ပြီးတော့ အသက်ဆုံးရှုံးရတဲ့အဖြစ်တွေရှိပါတယ်။

နောက် ဆိုးဝါးတဲ့ဟာတစ်ခုကတော့ ပေါင်းခွေးခံထားတဲ့ထိုးဆေးတွေနဲ့ နာနေတဲ့နေရာတွေကို တိုက်ရိုက်ထိုးပြီးတော့ ကုသတာပဲဖြစ်ပါတယ်။ ထိုးပြီးခါစမှာတော့ ပူသွား၊ ကျဉ်သွား၊ ထုံသွားပြီးတော့ သက်သာသလိုရှိပေမဲ့ နောက်ကြလာတဲ့အခါမှာ အကြောတွေသေပြီးတော့ ဒုက္ခိတဘဝကို ရောက်ရတဲ့သူတွေလည်း ရှိနေပါတယ်။ ဒါ့အပြင် ကောင်စီအသီးသီးက အသိအမှတ်ပြုထားခြင်း မရှိတဲ့ပညာရပ်တွေကို Online သင်တန်းမျိုးလိုနေရာမျိုးတွေကနေ သင်ကြပါတယ်။ တချို့တွေက သုတေသနပြုလုပ်နေဆဲကာလပဲရှိပါသေးတယ်။ ဒါတွေကို လူနာတွေကိုစမ်းသပ်ကုသကြလို့ ပိုက်ဆံ လည်းကုန် ဒုက္ခလည်းရောက်ကြရတာတွေလည်းရှိပါတယ်။

ဒီလိုတရားမဝင်ကုသနေကြတဲ့ ဆေးရုံ၊ ဆေးခန်းတွေဟာ ပြည်သူလူထုကို အင်မတန်မှ ကြီးမားတဲ့ အန္တရာယ်ပေးနေတဲ့အနေအထား ဖြစ်ပါတယ်။ ဒါတွေရဲ့အဓိကအကြောင်းကို ရှာကြည့်တဲ့ အခါမှာ တရားမဝင်သင်ကြားနေတဲ့ သင်တန်းကျောင်းတွေကြောင့်ပဲ ဖြစ်ပါတယ်။ တချို့တွေက တက္ကသိုလ်လို့တောင် အမည်ပေးထားကြပါတယ်။ ဝန်ကြီးဌာနက တရားမဝင်ကုသသူတွေကို ဘယ်လောက်ပဲအရေးယူဆောင်ရွက်မှုတွေပြုလုပ်နေပါစေ။ ဒါတွေကို မွေးထုတ်ပေးနေတဲ့ သင်တန်း ကျောင်းတွေကို ထိထိရောက်ရောက်အရေးယူဟန့်တားထိန်းချုပ်နိုင်တာတွေမရှိရင် အိတ်ပေါက်နဲ့ ဖားကောက်နေသလိုပဲ ဖြစ်မှာဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံရဲ့မူလတိုင်းရင်းဆေးပညာတွေကို စုစည်းပြီးတော့ သိပ္ပံ နည်းကျပါ ပေါင်းစပ်သင်ကြားနေတဲ့ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ဂုဏ်၊ လက်တွေ့တရားဝင်ကုသ သင်ကြားနေတဲ့ တိုင်းရင်းဆေး သမားတော်များရဲ့ဂုဏ်ကိုလည်း များစွာထိခိုက်စေတာတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြည်သူလူထုကို ဘေးအန္တရာယ်ကင်းရှင်းတဲ့ ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရေးနဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ရည်ရွယ် ပြီးတော့ အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက် မရှိဘဲ တိုင်းရင်းဆေးအမည်ခံသင်တန်းကျောင်းများ၊ တက္ကသိုလ်များအဖြစ် ဖွင့်လှစ်သင်ကြားပေးနေ ခြင်းများကို မည်ကဲ့သို့အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံစေရန် ပထမဆုံးဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်မရှိဘဲ တိုင်းရင်းဆေးအမည်ခံ သင်တန်း ကျောင်းများ၊ တက္ကသိုလ်များဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းများ၊ ပြည်သူလူထုများအား ဘေးအန္တရာယ် ကင်းရှင်းရန်အတွက် လိုင်စင်မရှိဘဲ ဆေးကုသမှုများနှင့်ပတ်သက်၍ မည်ကဲ့သို့အရေးယူဆောင်ရွက် ထားသည် ကိစ္စနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောကြားတဲ့အတိုင်းပဲ တိုင်းရင်းဆေးနဲ့ ပတ်သက်ပြီး မလိုလား အပ်သောကိစ္စရပ်များဖြစ်နေသည်ဆိုတာကို ကျွန်တော်တို့လည်းကြားသိရ ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလိုဖြစ်ခြင်းကို အထောက်အထား၊ နေရာအတိအကျ၊ မည်သို့ ဖြစ်နေသည်၊ မည်ကဲ့သို့အန္တရာယ်ဖြစ်သွားသည် အစရှိသည်တို့ကို တိတိကျကျ လွှတ်တော် ကိုယ်စားလှယ်ကြီးအနေနဲ့ ကျွန်တော်တို့ကိုတင်ပြမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အတွက် များစွာ အကျိုးရှိပါတယ်။ ဒီလိုတင်ပြချက်တွေကိုလည်း ကျွန်တော်တို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ တိုက်ရိုက်သတင်းပေး ပို့စေချင်ပါတယ်။

ထို့အပြင် ကျွန်တော်တို့အနေနဲ့လည်း ဒီလိုသတင်းကိုပိုရအောင် တိုင်းဒေသကြီးနဲ့ပြည်နယ်မှာရှိတဲ့ တိုင်းရင်းဆေး ပညာညွှန်ကြားရေးမှူးတွေရှိပါတယ်။ ခရိုင်အရာရှိတွေရှိပါတယ်။ မြို့နယ်အရာရှိ တွေရှိတယ်။ သူတို့ကိုလည်း ကျွန်တော်ထပ်လောင်းပြီးတော့ အမိန့်ထုတ်ပြီးတော့ ဒီကိစ္စတွေကို ပြည်သူ လူထုထဲမှာ၊ မြို့နယ်မှာဖြစ်ဖြစ်၊ တိုင်းဒေသကြီးမှာဖြစ်ဖြစ်တွေ့ရင် အမြန်ဆုံးအထောက်အထားနဲ့ အမြန်ဆုံးအကြောင်းကြားမယ်ဆိုရင် လုပ်ထုံးလုပ်နည်းအရ ကျွန်တော်တို့ ဒါကိုအရေးယူပါမယ်။ ထို့အပြင် ဒီကိစ္စများကို တစ်ဖက်တစ်လမ်းကအောင်မြင်စေရန်အတွက်ဆိုရင် ကျွန်တော်တို့အနေနဲ့ အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးပညာရှင်များ ထွက်ပေါ်ဖို့လိုပါတယ်။ သူတို့များများ

ထွက်ပေါ်လို့ရှိရင် ဒီလိုအရည်အသွေးမရှိတဲ့ လိုင်စင်မရှိတဲ့လူများဟာ အလိုလိုပျောက်သွားမှာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့လည်း အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးပညာရှင်များ ထွက်ပေါ်လာဖို့အတွက်ကို တိုင်းရင်းဆေးဆရာအသင်း၊ ထုတ်လုပ်သူလုပ်ငန်းရှင်အသင်း၊ Department of Traditional Medicine ရယ်၊ တိုင်းရင်းဆေးတက္ကသိုလ်ရယ်၊ Technical Advisory Board for Traditional Medicine ရယ်၊ တိုင်းရင်းဆေးကောင်စီရယ် အားလုံးပေါင်းပြီးတော့ လုပ်ဆောင်လျက်ရှိပါတယ်။ လုပ်ဆောင်တယ်ဆိုတာ တကယ်ကိုအသေးစိတ် သေသေချာချာလုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့လည်း ဒီတိုင်းရင်းဆေးတက္ကသိုလ်ကို လေးခေါက်ရှိပါပြီ။ သင်ရိုးညွှန်းတမ်းကအစ အကုန်လုံးအဆင့်အတန်းကိုမြင့်အောင် သေချာစွာလုပ်နေ ပါတယ်။

ကျွန်တော်တို့အနေနဲ့ ယခုအခါ အတွေ့အကြုံပေါ်မူတည်ပြီး ကုသခြင်းပါ။ ဥပမာ Experience based Traditional Medicine ကနေပြီးတော့ သိပ္ပံနည်းကျသုတေသနရလဒ်များကို အခြေခံတဲ့ကုသမှုများ ရောက်အောင် ကျွန်တော်တို့လုပ်နေပါတယ်။ သို့မှသာလျှင် ကျွန်တော်တို့ရဲ့ တိုင်းရင်းဆေးပညာဟာ ကမ္ဘာမှာလွှမ်းခြုံသွားနိုင်တယ်။ ထို့အပြင် ခုနကမလိုလားအပ်တဲ့ လိုင်စင်မရှိဘဲ ဆေးကုသခြင်းမျိုး၊ လိုင်စင်မရှိဘဲ ကျောင်းဖွင့်ခြင်းကိစ္စတွေကလည်း ဒါတွေ အလိုလိုပျောက်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီတိုင်းရင်းဆေးတက္ကသိုလ်ကို တိုးတက်ဖို့ဆိုလို့ရှိရင်လည်း အရည်အသွေးပြည့်ဝတဲ့သူတွေ ထွက်လာတာနဲ့ ကျန်တဲ့အရည်အသွေးမရှိတဲ့လူတွေ အလိုလို ပျောက်သွားမှာပါ။ တိုင်းရင်းဆေးတက္ကသိုလ်မှာ Research Unit လည်းဖွင့်လိုက်ပါပြီ။ Institutional Review Board ဆိုပြီး Research(သုတေသန)တွေကို ဆန်းစစ်မယ့်အဖွဲ့လည်း ဖွဲ့ပြီးပါပြီ။

နောက်ပြီးတော့ ရှိတဲ့ဆရာဆရာမတွေကို ဘယ်လို Capacity Building စွမ်းအင်မြှင့် သင်တန်းတွေလည်း ဘယ်လိုလုပ်ဖို့ရှိတယ်။ ဘယ်လိုလုပ်ဖို့ရှိနေပါတယ်။ နောက်နိုင်ငံခြားကိုလည်း အများကြီးလွှတ်ပါတယ်။ အရင်တုန်းက မလွှတ်ပါဘူး။ အခုဆိုရင် တရုတ်၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယကို အများကြီးသွားနေပါတယ်။ သူတို့အမြင်ကျယ်မှသာလျှင် သူတို့ရဲ့လုပ်ပုံ၊ စဉ်းစားပုံ၊ စဉ်းစားနည်း ကအစ အများကြီးတိုးတက်မှာဖြစ်ပါတယ်။ ကျွန်တော်ခုနကတင်ပြသလိုပါပဲ။ ထွက်ပေါ်လာတဲ့ အရည်အသွေးပြည့်တဲ့ တိုင်းရင်းဆေးပညာရှင်များရင်များသလို ကျန်တာတွေက အလိုအလျောက် ပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ ဥပမာအားဖြင့်ဆိုရင် ကျွန်တော်တို့ ဒီတိုင်းရင်းဆေးသိပ္ပံကို ၁၉၇၆ ခုနှစ်ကနေပြီးတော့ဖွင့်ပြီးတော့ အားလုံးပေါင်း သုံးနှစ်ဒီပလိုမာ စုစုပေါင်း တိုင်းရင်းဆေးဒီပလိုမာ ၂၁၈၇ ဦးထုတ်ပြီးဖြစ်ပါတယ်။

ထို့အပြင် တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၁ ခုနှစ်ကစပြီးတော့ဖွင့်တာ ၂၀၁၉ ခုနှစ်ထိ ဆိုလို့ ရှိရင် Bachelor ဘွဲ့ရတဲ့လူ ၁၄၁၈ ဦး၊ မဟာသိပ္ပံဘွဲ့ရတဲ့လူ ၅၉ ဦးလည်း ထုတ်ပေးပြီးပြီဖြစ်ပါတယ်။ ဒါကိုဆက်လက်ထုတ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့က အရည်အသွေးပြည့်ဝတဲ့တိုင်းရင်းဆေးပညာရှင် တွေ အများကြီးဖြစ်လာမှာဖြစ်ပါတယ်။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ဖြေရှင်းရာမှာ ပိုမိုထိရောက်ဖို့ဆိုလို့ရှိရင် ၁၉၉၆ ခုနှစ်ကပြဋ္ဌာန်းထားတဲ့ တိုင်းရင်းဆေးဝါးဥပဒေကို ပြန်လည်ရေးဆွဲလျက်ရှိပါတယ်။ မေလ ၃၁ ရက်နေ့မှာလည်း ရှေ့နေချုပ်ရုံးကို သဘောထားမှတ်ချက် တောင်းခံထားပါတယ်။ အဲဒီတော့ ဒီဥပဒေမှာပါတဲ့ တိုင်းရင်းဆေးဝါးကြီးကြပ်မှုကော်မတီအဆင့်ဆင့်ကို ပြန်ဖွင့်မှာပါ။ ဒီဥပဒေအတည်ပြုတာနဲ့ တိုင်းရင်းဆေးဝါးကြီးကြပ်မှုကော်မတီအဆင့်ဆင့်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ် အတွင်းမှာ ဖွင့်သွားမယ်ဆိုလို့ရှိရင် ကြီးကြပ်ပေးမှာပေါ့။ ဒါတွေ ရှိလား/မရှိလား။

မူကြမ်း

ထို့အပြင် ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတာကို ကိုင်တွယ်ရာမှာ ပိုမိုထိရောက်ဖို့ အတွက်ကို ကျွန်တော့်အနေနဲ့ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလက ပြဋ္ဌာန်းခဲ့တဲ့တိုင်းရင်းဆေးကောင်စီကို ခေတ်နဲ့ လျော်ညီဖို့အတွက်ကို မြန်မာ့တိုင်းရင်းဆေးကောင်စီဥပဒေကို ဇန်နဝါရီလ ၅ ရက်နေ့ ကနေပြီးတော့ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီတော့ ပြဋ္ဌာန်းပြီးတဲ့အခါမှာ နာယကအဖွဲ့ဖွဲ့ရပါမယ်။ နာယက ဖွဲ့ဖို့အတွက်ကိုလည်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကို တင်ပြထား ပါတယ်။ ဒီကော်မတီက သဘောတူပြီဆိုရင် နာယကအဖွဲ့ကို အသစ်ဖွဲ့မယ်။ နာယကအသစ်ဖွဲ့ပြီးတော့ တိုင်းရင်းဆေးကောင်စီကိုဖွဲ့ပြီးတော့ အဲဒီကောင်စီကနေ ဝန်ကြီးဌာနရဲ့ခွင့်ပြုချက်မရဘဲ တိုင်းရင်းဆေးအမည်ခံသင်တန်းကျောင်းများ၊ တက္ကသိုလ်များ ဖွင့်လှစ်သင်ကြားနေခြင်းကို အောက်ဖော်ပြပါ မြန်မာ့တိုင်းရင်းဆေးကောင်စီဥပဒေ အခန်း(၁၇) တားမြစ်ခြင်းနှင့်ပြစ်ဒဏ်များအရ အရေးယူ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဥပမာ- ပုဒ်မ ၅၆ မှာဆိုလို့ရှိရင် မည်သူမျှကောင်စီက သတ်မှတ်ထား သော ဆေးကုသခွင့်လိုင်စင်မရှိဘဲ တိုင်းရင်းဆေးဆရာအမည်ခံ၍ ဆေးကုသခြင်းမပြုရ။ ပုဒ်မ ၆၁ မှာဆိုရင် မည်သူမျှပုဒ်မ ၅၆ ပါ တားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်တိတိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်တယ်လို့ဖြစ်ပါတယ်။ ဒီဟာကြီးကို အကောင်အထည် ပေါ်လာမယ်ဆိုရင် ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်ကြီးလိုလားအပ်တဲ့ ဒီကိစ္စများကို အဆင်ပြေသွားမယ်လို့ ယုံကြည်ကြောင်းလေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူး အများကြီးတင်ပါတယ်။

**ပြည်သူများအား ခွေးရူးရောဂါအန္တရာယ်ကင်းဝေးစေရန် အသိပညာပေးခြင်းနှင့် လမ်းဘေးခွေး အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ ခွေးအားလုံးအား ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦး မဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ နိုင်ငံသူနိုင်ငံသားအားလုံး ခွေးရူးရောဂါဖြစ်ပွားခြင်း အန္တရာယ်ကင်းဝေးစေရန် ၂၀၂၀ အာဆီယံဒေသတွင်း နိုင်ငံများ သဘောတူညီချက်အောင်မြင်စေရန် ဝန်ကြီးဌာနဆောင်ရွက်ချက်များ ပြည်သူများသိရှိစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဒီမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူကို ခွေးရူးရောဂါဖြစ်ပွားမယ် ဆိုရင် သေချာပေါက် သေစေနိုင်သောရောဂါတစ်ခုဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် နိုင်ငံတိုင်းက အရေးကြီးရောဂါတစ်ခုအဖြစ် သတ်မှတ် ထားကြပါတယ်။ ကျွန်တော်တို့နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၅၀ ကျော်မှာ ခွေးရူးရောဂါဖြစ်ပွားနေဆဲဖြစ်ပြီးတော့ နိုင်ငံတော်တော်များများက ခွေးရူးရောဂါ အန္တရာယ်ကို အလေးထားထိန်းချုပ်ဖို့ ကြိုးစားလာကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ခွေးအကောင်ရေ လေးသန်းခန့်ရှိကြောင်း ခန့်မှန်းဖော်ပြထားတာကို တွေ့ရှိရပြီးတော့ ခွေးရူးရောဂါကြောင့် နှစ်စဉ် လူ ၁၁၀၀ ဦးခန့် သေနေတယ်လို့ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ၉၉ ရာခိုင်နှုန်းမှာ ခွေးကိုက်ခံရခြင်းကြောင့် လူကို

ခွေးရူးရောဂါဖြစ်ပွားစေပြီးတော့ ၈၀ ရာခိုင်နှုန်းခန့်မှာ လမ်းဘေးခွေးများကိုက်ခံရခြင်း ကြောင့် ခွေးရူးရောဂါဖြစ်ပွားစေကြောင်း သိရှိရပါတယ်။ ပိုင်ရှင်မဲ့လမ်းဘေးခွေးများကို ခွေးရူး ကာကွယ်ဆေးထိုးပေးနိုင်မှသာ ခွေးရူးရောဂါဖြစ်ပွားခြင်းအန္တရာယ်ကို လျှော့ချကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်တော်များများမှာ ခွေးရူးရောဂါအန္တရာယ်ကို အလေးထားထိန်းချုပ်လာခြင်း ကြောင့် လူမှာခွေးရူးရောဂါဖြစ်ပွားသေဆုံးမှုနှုန်းလည်း လျော့ကျလာကြောင်း သိရှိရပါတယ်။

ခွေးရူးရောဂါအန္တရာယ်ကို လျှော့ချကာကွယ်ခြင်းမှာ ငွေကြေးသုံးစွဲကာ စီမံချက်ချမှတ် ဆောင်ရွက်ခြင်းမပြုနိုင်သောနိုင်ငံများ၊ အသိပညာပေးလုပ်ငန်းဆောင်ရွက်ခြင်းမပြုနိုင်သောနိုင်ငံ များနှင့် ဘာသာရေးယဉ်ကျေးမှုအရအကန့်အသတ်ရှိသောနိုင်ငံများမှာ ခွေးရူးရောဂါဆက်လက် ဖြစ်ပွားနေဆဲဖြစ်ပြီးတော့ ထိန်းချုပ်ရန်ခက်ခဲကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ အန္တရာယ်များသောနိုင်ငံများစာရင်းတွင်ပါရှိသော လူသေပျောက်မှု၊ သေဆုံးမှုအများဆုံးနိုင်ငံများ စာရင်းတွင် ပါရှိပါတယ်။ လူဦးရေနဲ့အချိုးချနိုင်းယှဉ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံသား ၁၃ ဦး လျှင် ခွေးတစ်ကောင်နှုန်းဖြစ်နေပြီးတော့ ခွေးရူးရောဂါအန္တရာယ်ကင်းဝေးစေရေးကို အလေးထား ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

နိုင်ငံအတွင်းရှိ ခွေးအားလုံးကို ကာကွယ်ဆေးထိုးဆောင်ရွက်ခြင်းဟာ နိုင်ငံသူနိုင်ငံသားများ ခွေးရူးရောဂါအန္တရာယ်မဖြစ်ပွားစေရေးအတွက် အဓိကကျသောလုပ်ငန်းဖြစ်ပါတယ်။ ခွေးရူးရောဂါ ကာကွယ်ဆေးထိုးခြင်းကို ၇၀ ရာခိုင်နှုန်းဆောင်ရွက်နိုင်မယ်ဆိုရှိရင် ခွေးရူးရောဂါအန္တရာယ်ဖြစ်ပွား ခြင်းကိုလျှော့ချနိုင်မှာဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်းရှိ လမ်းဘေးခွေးများကို ခွေးရူးရောဂါကာကွယ်ဆေး ထိုးခြင်း၊ မျိုးပွားထိန်းချုပ်ခြင်းများကို မြန်မာနိုင်ငံတိရစ္ဆာန်ဆရာဝန်များပရဟိတအဖွဲ့က လိုက်လံ ဆောင်ရွက်နေကြောင်းလည်း သိရှိရပါတယ်။ ခွေးရူးရောဂါလျော့နည်းကျဆင်းရေးအတွက် အစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပညာရှင်များပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါတယ်။

Power Point ဖြင့်တင်ပြခွင့်ပြုပါ။ ဒါကတော့ ခွေးရူးရောဂါဖြစ်ပွားမယ်ဆိုရင် ၁၀၀ ရာခိုင်နှုန်းသေဆုံးနိုင်သော်လည်းပဲ ၁၀၀ ရာခိုင်နှုန်းကာကွယ်နိုင်ကြောင်း ပြောထားတာဖြစ်ပါတယ်။ နိုင်ငံတကာမှာဆိုရင် လူနှင့်ခွေးအချိုးက လူ ၁၀ ဦးကို ခွေးတစ်ကောင်နှုန်း ဖြစ်ပါတယ်။ နောက်တစ်ခုက ဒီမြန်မာနိုင်ငံမှာဆိုလို့ရှိရင် လူ ၁၃ ဦးကို ခွေးတစ်ကောင်နှုန်းဖြစ်ပါတယ်။ ခွေး အများစုဟာ ကာကွယ်ဆေးမထိုးရသောခွေးများဖြစ်ပါတယ်။ ၉၉ ရာခိုင်နှုန်းက ခွေးကိုက်ခြင်းကြောင့် လူကိုခွေးရူးရောဂါဖြစ်ပွားစေပါတယ်။ ၈၀ ရာခိုင်နှုန်းက လမ်းဘေးခွေးကိုက်ခံရခြင်းကြောင့် ခွေးရူးရောဂါဖြစ်ပွားရခြင်းဖြစ်ပါတယ်။ ရန်ကုန်မှာဆိုလို့ရှိရင် ၂၀၁၄ ခုနှစ်မှာ ခွေးအကောင်ရေ ၇၀၀၀၀ ခန့် ရှိသော်လည်း ၂၀၁၅ ခုနှစ်မှာ ၁၂၀၀၀၀ လောက်ထိဖြစ်လာပါတယ်။ အဲဒီမှာဆိုလို့ရှိရင် လူ ၅၀ ဦးကို ခွေးတစ်ကောင်နှုန်းနဲ့ ရန်ကုန်မှာတည်ရှိနေပါတယ်။ ကျွန်တော်တို့ မြို့ပြမှာဆိုလို့ရှိရင် ကာကွယ်ဆေး ၂၀ ရာခိုင်နှုန်းထိုးနိုင်သော်လည်း ကျေးလက်မှာ ငါးရာခိုင်နှုန်းပဲထိုးပေးနိုင်ပါသေးတယ်။ WHO တို့၊ OIE တို့ စံသတ်မှတ်ချက်အရဆိုရင် ၇၀ ရာခိုင်နှုန်းထိ ခွေးရူးကာကွယ်ဆေးထိုးပေးကြရမှာ ဖြစ်ပါ တယ်။ ဒါက ခွေးရူးရောဂါဖြစ်ပွားမှုအများဆုံးနိုင်ငံတွေကို ဖော်ပြထားတာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံက အများဆုံးဖြစ်ပြီးတော့ နံပါတ်(၆)အဆင့်မှာရှိပါတယ်။ ဒါကတော့ မြန်မာနိုင်ငံတိရစ္ဆာန်ဆရာဝန်များ ပရဟိတအဖွဲ့ကနေပြီးတော့ လမ်းဘေးခွေးတွေကို မျိုးပွားမှုထိန်းချုပ်တာတို့၊ ကာကွယ်ဆေးထိုးတာတို့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် နိုင်ငံသူနိုင်ငံသားများ ခွေးရူးရောဂါအန္တရာယ်ကင်းရှင်းစေရန် ခွေးရူးရောဂါအသိပညာပေးခြင်းနှင့် နိုင်ငံအတွင်းရှိခွေးများ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ဝန်ကြီးဌာနက ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း၏ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကတော့ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို မေးသော်ငြားလည်း ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေရမယ်ဆိုတဲ့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနကိုယ်စားရော၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စားရော ကျွန်တော် ဖြေကြားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ နိုင်ငံသူနိုင်ငံသားအားလုံး ခွေးရူးရောဂါ အန္တရာယ်ကင်းဝေးစေရန်နှင့် အာဆီယံဒေသတွင်းနိုင်ငံများ သဘောတူညီအောင်မြင်စေရန် ပြည်သူ များအသိပညာပေးခြင်းနှင့် လမ်းဘေးခွေးအပါအဝင် မြန်မာနိုင်ငံရှိ ခွေးအားလုံးအား ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကိစ္စနှင့်ပတ်သက်ပြီး သိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့မေးခွန်းကို ကျွန်တော်ပြန်လည်သုံးသပ်လိုက်တဲ့အခါမှာ အဓိက (၃)ချက်ရှိပါတယ်။ ဒီမေးခွန်းကတော့ ငါးမိနစ်ကျော်မှာဖြစ်တဲ့အတွက် ကြိုတင်၍ခွင့်တောင်းအပ် ပါတယ်။ ပထမတစ်ချက်ကတော့ မေးခွန်းထဲမှာ နိုင်ငံသူနိုင်ငံတိုင်း ခွေးရူးရောဂါအန္တရာယ်ကင်းဝေးစေရန် ဒီအချက်မှာ ကြည့်လိုက်တဲ့အခါမှာ ကင်းဝေးဖို့ဆိုရင်(၁) ခွေးမကိုက်ခံရခြင်း၊ (၂) ကိုက်ခံရပါက သေဆုံးမှုမရှိခြင်း ဒီကိစ္စတွေကို ကျွန်တော်အသေးစိတ်တင်ပြပါမယ်။ နံပါတ်(၂)က အာဆီယံ သဘောတူညီချက်မှုများအရ အောင်မြင်မှုရစေရန်။ ဒီကိစ္စနှင့်ပတ်သက်လို့ ကျွန်တော်တို့ ဝန်ကြီး ဌာနတွေပေါင်းမယ်။ One Health Approach နဲ့ FAO၊ OIE(OIE ဆိုတာက Animals Health Or ganization ပါ)၊ WHO တို့နှင့်ပေါင်းပြီးလုပ်မယ်။ မိတ်ဖက်အဖွဲ့အစည်း၊ community Based Or ganization တို့နဲ့ပေါင်းပြီးလုပ်မယ်။ လုပ်မယ့်ကိစ္စရပ်တွေကလည်း ကျွန်တော်မဟာဗျူဟာနှင့် နည်းဗျူဟာများ အားလုံးချထားပြီးဖြစ်တဲ့အတွက် ဒီမဟာဗျူဟာနှင့် နည်းဗျူဟာအတိုင်း ဆက်လက် လုပ်မှာဖြစ်ပါတယ်။

နံပါတ်(၃)ဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းကတော့ ခွေးများအားလုံး ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနကို မေးမြန်းခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းဟာ အလွန်အရေးကြီးတဲ့မေးခွန်း ဖြစ်တဲ့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ Power Point တွေကလည်း တော်တော် ကောင်းပါတယ်။ တော်တော်ကိုဗဟုသုတလည်းရပါတယ်။ Information လည်းရပါတယ်။ ဒီမှာ ကြည့်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ဘဏ္ဍာငွေတွေဟာ မကုန်သင့်တာထက် ပိုကုန်နေရပါတယ်။ ဘာကြောင့်ကုန်လဲဆိုတာ ကျွန်တော်တင်ပြပါမယ်။ နောက်တစ်ခု ဒီခွေးကိုက်ခံရမယ်ဆိုရင် စိတ်ဖိစီးမှု၊ စိုးရိမ်မှု(Stress)တွေက

အရမ်းများပါတယ်။ နောက်တစ်ခုက တကယ်သာခွေးရူးကိုက်ပြီး ကာကွယ်ဆေးကိုမထိုးနိုင်ဘူးဆိုရင် ၁၀၀ ရာခိုင်နှုန်း သေဖို့ရှိပါတယ်။ အဲဒီတော့ ဒီအချက်တွေကို ကျွန်တော်တို့က ဂရုစိုက်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ခွေးကိုက်ခံရသူတိုင်းသည် ဆေးထိုးရမှာပဲ။ ဘာကြောင့်လဲဆိုတော့ ခွေးကိုက်ရင် ခွေးရူးဟုတ်လား/မဟုတ်လား ဘယ်သူမှကြိုပြီးမသိပါဘူး။ အဲဒီတော့ လူတိုင်းထိုးမယ်။ လူတိုင်းထိုးမယ်ဆိုတော့ ခွေးကိုက်ခံရသူများတိုင်းများတိုင်း ကျန်းမာရေး ဝန်ကြီးဌာနမှာ ဝန်ဆောင်မှုက တော်တော်ပိပါတယ်။ ဆေးထိုးပေးရမယ်။ အဲဒါတွေရှိပါတယ်။ နောက်တစ်ခုက အကယ်၍သာ တကယ်ရူးတဲ့ခွေးကကိုက်ပြီး ကျွန်တော်တို့ ဆေးမထိုးဘူးဆိုရင် ဒီလူသည်ရာခိုင်နှုန်းပြည့်သေပါမယ်။ အဲဒီတော့ ကျွန်တော်တို့ ဦးအောင်ထိုးရမယ်။ ဦးအောင်ထိုးရမယ် ဆိုရင်တော့ ပြည်သူလူထုရဲ့အသိပညာအရမ်းအရေးကြီးပါတယ်။ ပြည်သူလူထုက စောစီးစွာလာမှ ဖြစ်မယ်။ ခွေးကိုက်တယ်ဆိုတာ ခွေးရူးရဲ့ Saliva ပေါ့။ တံတွေးမှာ Virus ရှိပါတယ်။ ကိုက်လိုက်တာနဲ့ Muscle မှာ Virus က ပွားပြီးတော့ Muscle မှာရှိတဲ့ Nerve ထဲကိုဝင်သွားပါတယ်။ အဲဒီကဝင်ပြီးတဲ့အခါကျတော့ Spinal Cord ကိုသွားပါတယ်။ Spinal Cord ကနေ ဦးနှောက်ကိုရောက်တယ်။ ဒါအတွင်းကိုသွားတာ။ ဦးနှောက်ကိုရောက်ပြီးတဲ့အခါကျတော့ ဦးနှောက်ကတစ်ဆင့် နှလုံးနှင့်ကြွက်သားတွေဆီသွားမယ်။ Adrenal Gland တို့ ဒိုပြင်နေရာတွေကို ရောက်သွားတယ်။ အဲဒီတော့ ဆိုလိုတာက ဒီ Virus က ဦးနှောက်ကိုမရောက်ခင် ကျွန်တော်တို့က အရင်ဆုံးကိုင်တွယ်ရမယ်။ အရင်ဆုံးကိုင်တွယ်ရမယ်ဆိုတာက အစောဆုံးထိုးရမယ်။ ထိုးတဲ့နေရာ မှာပင် ပြည်သူတို့ကသိရမှာက ခွေးကိုက်တယ်ဆိုတာက ဥပမာ-ဒီအပေါ်မှာ ကိုက်လိုက်လို့ရှိရင် အပေါ်ရောက်လေ၊ ရောက်လေအန္တရာယ်ပိုများလေ။ ခြေထောက်မှာကိုက်ရင် သူတို့ရောက်ဖို့ Chance က အချိန်ကလိုတယ်ပေါ့။ လက်ကိုကိုက်တာ၊ မျက်နှာကိုက်တာဆိုရင် ပိုဆိုးတယ်။ ကိုက်တဲ့အပြင် ကိုက်တာ ဘယ်လောက်များသလဲ။ ဒီပေါ်မှာမူတည်ပြီးတော့ Virus ရဲ့ Load ကလည်း များတယ်။ ဒါတွေအကုန်လုံးကို ပြည်သူသိမယ်ဆိုရင် စောစီးစွာလာထိုးပေးမယ်။ ထိုးပေးမယ် ဆိုလို့ရှိရင် သေမယ့်အလားအလာက အလွန်နည်းသွားပါတယ်။ ဒီအချက်တွေကို ပြည်သူလူထုက အားလုံးသိဖို့လိုပါတယ်။

နောက်တစ်ချက်က ခွေးကိုက်တဲ့အခါမှာ ကျွန်တော်တို့က ပြည်သူလူထုကို မသေအောင်၊ အန္တရာယ်မရှိအောင် ကာကွယ်ဆေးတွေဝယ်နေပါတယ်။ ဒီအစိုးရတက်လာပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ထိ ကျွန်တော်တို့ဝယ်တဲ့ ခွေးရူးနဲ့ပတ်သက်ပြီး Anti-rabies vaccine ဝယ်တာ ၁၃.၇၂ ဘီလီယံ လောက်ဝယ်ရပါတယ်။ အကယ်၍သာ ခွေးမကိုက်ဘူးဆိုရင် ဒီပိုက်ဆံ ၁၃.၇၂ ကမကုန်ပါဘူး။ ထို့အပြင် အလွန်အန္တရာယ်ရှိတဲ့ Category-3 ပေါ့။ အဆင့်(၃)မှာ အကိုက်ခံရတဲ့လူတွေဆိုရင် ကိုက်တဲ့နေရာမှာ Rabies immunoglobulin ထိုးပေး ရပါတယ်။ အဲဒီအတွက်ကိုလည်း ဝယ်ထားတာ ၁.၂ ဘီလီယံ လောက်ပါတယ်။ နှစ်ခုပေါင်းဆိုရင် ၁၅ ဘီလီယံလောက် ဒီအစိုးရလက်ထက်မှာ သုံးထားပြီးပါပြီ။ တိုင်းပြည်ကလည်း ဘဏ္ဍာငွေချပေးတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့လုပ်နေပါတယ်။ ဒီမှာကြည့်တဲ့အခါမှာ ကျွန်တော်တို့က Rabies Vaccine ဆိုတာ တစ်လုံးထိုးလို့ရှိရင် ၈၀၀၀ ကျပ်ကျော်ကျပါတယ်။ ၈၀၀၀ ကျပ်ကျော်မှာ ကျွန်တော်တို့က Intramuscular အသားထဲထိုးရင် လေးလုံးကုန်ပြီး ၃၂၀၀၀ ကျပ်ကျပါတယ်။ အကယ်၍ Intradermal ဆိုရင် နှစ်လုံးပဲကုန်တဲ့အတွက် ၁၆၀၀၀ ကျပ်ပဲ ကျတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးကို ခွေးရူးကာကွယ်ဆေးထိုးရင် ကြွက်သားထဲကိုမထိုးဘဲ အရေးပြားမှာရှပ်ပြီးထိုးဖို့ ညွှန်ကြားချက် အကုန်ထုတ်ပြီးပါပြီ။ ဒါဆိုရင်ဆေးက တစ်ဝက်နီးပါးလောက် သက်သာမှာပါ။

နောက်တစ်ခုက အခုနကပြောတဲ့ ခွေးကိုက်တဲ့အခါ အရမ်းကိုက်မယ်ဆိုလို့ရှိရင် Rabies Immunoglobulin ထိုးရပြီး တစ်လုံးကို ၁၆၅၀၀ ကျပ်ကျပါတယ်။ ဒီအပေါ်မှာလည်း ကျွန်တော်က ဆေးတစ်လုံးကနေ သုံးလုံးအတွက် ခန္ဓာကိုယ်အလေးချိန်(Body Weight)ပေါ်မှာ မူတည်ပြီးထိုးရတဲ့အတွက် ဒါလည်းပိုက်ဆံအများကြီးကုန်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ ခွေးကိုက်နှုန်းတွေဟာ တဖြည်းဖြည်းတက်လာတာတွေ့ရပါတယ်။ ဥပမာ ၂၀၁၇ ခုနှစ်တုန်းက ကိုက်ခံရတဲ့လူပေါင်း ၁၈၀၀၀၀ ဦးလောက်အကိုက်ခံရပါတယ်။ တစ်လ၊ တစ်လကို ၁၅၀၀၀ ဦးအကိုက်ခံရပါတယ်။ ၂၀၁၈ ခုနှစ်မှာ ၁၉၂၀၀၀ ဦးကျော် အကိုက်ခံရတဲ့အတွက် တစ်လ၊ တစ်လမှာ ၁၆၀၀၀ ဦးလောက် အကိုက်ခံရပါတယ်။ အခု ၂၀၁၉ ခုနှစ် ဇန်နဝါရီလကနေစပြီးတော့ အခုခြောက်လမှာဆိုရင် ၆၀၀၀၀ ဦး အကိုက်ခံရပါတယ်။ ဒီ ၆၀၀၀၀ ဦးဟာ တစ်လ၊ တစ်လကို ၁၂၀၀၀ ဦးလောက် အကိုက်ခံနေရပါတယ်။ အဲဒီတော့ ဆိုလိုတာက အကိုက်ခံရတဲ့ဟာက ခွေးက များနေတုန်းပဲရှိပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဒီဆေးတွေ ၁၃.၇၂ ဘီလီယံ ဝယ်တယ်။ Rabies Immunoglobulin တွေဝယ်တယ်။ သေနှုန်းကတော့ ကျသွားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ ၁၉၉၅ ခုနှစ်ကနေ ၂၀၀၄ ခုနှစ်အထိ ၁၀၀၀ ဦး သေပါတယ်။ သို့သော် ၂၀၁၁ ခုနှစ်ကနေပြန်ကြည့်မယ်ဆိုရင် ၂၀၁၁ ခုနှစ်မှာ ၂၄၅ ဦးပဲသေပြီး ၂၀၁၈ ခုနှစ်မှာ ဆိုရင် ၇၁ ဦးပဲသေပါတယ်။ အခု ၂၀၁၉ ခုနှစ်မှာတော့ ၄၁ ဦးပဲ သေပါတယ်။ ဒါအလွန်ကောင်းတဲ့ လက္ခဏာဖြစ်ပါတယ်။ အဲဒီတော့ သေတာကိုတော့ ကျွန်တော်တို့ကာကွယ်လို့ရတယ်။ အကိုက်ခံ ရတာနည်းမယ်ဆိုရင် ကျွန်တော်တို့က အများကြီးသက်သာပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးလိုအပ်တဲ့ အန္တရာယ် ကင်းဖို့ဆိုရင်တော့ ဆေးတွေကတော့ ကျွန်တော်တို့ ဆက်ဝယ်ပါမယ်။ နောက်တစ်ခုက ပညာပေး လုပ်ငန်းတွေကို ပိုလုပ်ပါမယ်။ ဘာသာရေးအရတော့ ခွေးသတ်ဖို့ကိုတော့ အားမပေးပါဘူး။ သို့သော် လည်း အခုနည်းနည်းပြဿနာရှိနေတာက ခွေးချစ်သူများအသင်းလည်း ရှိနေပါတယ်။ သူတို့နဲ့လည်း ကျွန်တော်တတ်နိုင်သမျှ ကြိုးစားပြီးညှိနှိုင်းမယ်။ စည်းရုံးမယ်။ ပညာပေးမယ်။ နောက်တစ်ခုက ခွေးရူး ကာကွယ်ဆေးအနေနဲ့ကတော့ တစ်ပြည်လုံးအတိုင်းအတာနဲ့ မြို့နယ်ပေါင်း ၃၃၀ မှာ အကုန်လုံး ပေးထားပါတယ်။ တိုက်နယ်ဆေးရုံတွေကိုတော့မပေးနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ plus 2 to plus 8 Degree Centigrade ထားရမှာဖြစ်တဲ့အတွက် Cold Chain မရှိတဲ့ တိုက်နယ်ဆေးရုံ တော့မပေးနိုင်ဘူး။ မြို့နယ်ဆေးရုံအထိ ပေးထားပါတယ်။

နောက်တစ်ချက်က ခွေးရူးရောဂါကာကွယ်ဖို့ ၁၃.၇၂ ဘီလီယံသက်သာအောင် ဘာလုပ်လဲ ဆိုတော့ ရန်ကုန်မှာ ခွေးရူးစင်တာ(Dog Bite Treatment Centre)တွေဆိုပြီး ဖွင့်ပါတယ်။ မေလ ၂၉ ရက်နေ့က စဖွင့်ပါတယ်။ ရန်ကုန်ဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ သဃ်န်းကျွန်းနဲ့ အင်းစိန်မှာ ဖွင့်ပါတယ်။ တစ်လခွဲအတွင်းမှာ အားလုံးခွေးကိုက်တဲ့လူ ၃၃၂၆ ဦးကို ထိုးပြီးတော့ အကြိမ်ပေါင်းကတော့ ၁၁၄၆၈ ဦး ထိုးလိုက်ပါတယ်။ ဒါဆိုရင် အောင်မြင်မှုတစ်ရပ် လို့လည်း ပြောလို့ရပါတယ်။ နောက်မြို့နယ်တွေကို ကျွန်တော်တို့ပြန်လည်သုံးသပ်ပါတယ်။ ဘယ် တိုင်းဒေသကြီးနှင့်ပြည်နယ်မှာ အများဆုံးဖြစ်လဲ သုံးသပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ အများဆုံးပါ။ ရန်ကုန်တိုင်းဒေသကြီး မှာ ၄၁၀၀၀ ဦးကျော်တယ်။ မန္တလေးတိုင်းဒေသကြီးမှာ ၃၅၀၀၀ ဦး၊ ပဲခူးတိုင်းဒေသကြီးမှာ ၂၄၀၀၀ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၀၀၀၀ ဦး လောက်ရှိပါတယ်။ ကျွန်တော်တို့က တိုင်းဒေသကြီးမှာရှိတဲ့ မြို့နယ်တွေကို ပြန်ကြည့်ပါတယ်။ ဘယ်မြို့နယ်မှာ

အကိုက်အများဆုံးလဲ။ ကိုက်တဲ့မြို့နယ်မှာ ပညာပေး လုပ်ငန်းတွေလုပ်မယ်။ မဟာဗျူဟာ၊ နည်းဗျူဟာတွေနဲ့လုပ်မယ်။ ဒီမြို့နယ်တွေကိုလည်း ကျွန်တော်တို့ က High Risk၊ Medium Risk၊ Low Risk ဆိုပြီးခွဲပါတယ်။ ဒါနဲ့လုပ်ခြင်းအားဖြင့် လွှတ်တော် ကိုယ်စားလှယ်ကြီး လိုလားတဲ့ ပြည်သူများဟာ ခွေးရူးကိုက်ခြင်းအန္တရာယ်မှ နည်းမှာဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ASEAN Rabies Elimination Strategy 2020 ရှိပါတယ်။ အဲဒီမှာပါတဲ့ အချက်တွေကိုလည်း ကျွန်တော်တို့အားလုံးလုပ်ပါတယ်။ ဒါတွေကိုတော့ အသေးစိတ်မပြောတော့ ပါဘူး။ All Inclusive ဖြစ်ရမှာတို့၊ Inter sectorial အဆင့်ဆင့်လိုက်လုပ်ရမယ့်ကိစ္စတွေ၊ FAO၊ WHO၊ OIE တို့နဲ့ပေါင်းပြီးလုပ်ရမယ့်ကိစ္စတွေ အားလုံးပါပါတယ်။ အဲဒီတော့ ဒီဟာတွေကိုတော့ ကျွန်တော်တို့က လုပ်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးလိုလားတဲ့ ခွေးရူးရောဂါအန္တရာယ်မရှိအောင်ဆိုလို့ရှိရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းနဲ့ လုပ်လို့မရဘူး။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတစ်ခုတည်းနဲ့လည်း လုပ်လို့မရဘူး။ အားလုံးပါရတယ်။ အထူးသဖြင့် Community Based Organization တွေ၊ NGO တွေ၊ ပြည်သူလူထုတွေ အားလုံးပါဝင်မှရမှာ ဖြစ်ပါတယ်။

တတိယအချက်ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ခွေးတွေအားလုံးကို ကာကွယ်ဆေးထိုး မယ့်ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စကတော့ ၂၀၁၈ ခုနှစ် ခွေးရဲ့ Census ကိုကောက်တဲ့ အခါမှာ ပိုင်ရှင်ရှိတဲ့ခွေးက လေးသန်းရှိပါတယ်။ ပိုင်ရှင်မရှိတဲ့ခွေးက နှစ်သန်းကျော်ရှိပါတယ်။ ဒါကို ကြည့်လိုက်မယ်ဆိုရင် သူတို့ရဲ့ပေါက်ဖွားနှုန်းကို ကြည့်လိုက်မယ်ဆိုရင် ကြောက်ခမန်းလိလိ Time Bomb ပေါ့။ အချိန်ကိုက်ဗုံးကြီးနဲ့တူနေပါတယ်။ ဒီဟာကိုသာ ကျွန်တော်တို့မကိုင်တွယ်ဘူးဆိုလို့ရှိရင် ခွေးကပေါက်မှာပဲ။ လေးသန်းနဲ့ နှစ်သန်းက ခြောက်သန်း။ ခွေးကသားမွေး ပေါက်မယ်ဆိုရင် ဒီခွေး တွေကို ကာကွယ်ဆေးတွေလိုက်ထိုးလို့ ပြီးမယ့်ကိစ္စမဟုတ်ပါဘူး။ နောက်ထပ်အနှစ်တစ်ရာလည်း ပြီးမှာမဟုတ်ပါဘူး။ ဒီခွေးပေါက်ဖွားနှုန်းကို လျှော့ဖို့လိုပါတယ်။ လျှော့ဖို့ဆိုရင် ကျွန်တော်တို့က ဘတ်ဂျက်နည်းနည်း လိုပါတယ်။ ဥပမာဆိုလို့ရှိရင် ခွေးတစ်ကောင်ကို ကာကွယ်ဆေးထိုးမယ်ဆိုလို့ ရှိရင် ၇၀၀ ကျပ်ကနေ ၁၀၀၀ ကျပ်လောက်ကုန်ပါတယ်။ ထိုးမယ်ဆိုလို့ရှိရင်လည်း ဒီကာကွယ်ဆေးထိုး ဖို့ ပြင်ပက အခြား Vaccine တွေသုံးမယ်ဆိုရင် ၁၀၀၀ ကျပ်ကနေ ၁၅၀၀ ကျပ်လောက် ကုန်တဲ့အပြင် ခွေးကိုဖမ်းရန် ပိုက်ကွန်တွေ၊ Vaccine တွေ အများကြီးလိုပါတယ်။ ထိုးမယ်ဆိုလို့ရှိရင် ခွေးကိုလုံးဝ ကလေးမရအောင်ဆိုလို့ရှိရင်တော့ တစ်နှစ်လျှင်တစ်ကြိမ်နဲ့ သုံး၊ လေးနှစ်လောက် ဆက်ထိုးမှသာလျှင် တစ်သက်လုံး ဒီခွေးက ပေါက်ဖွားမှုမရှိတော့ပါဘူး။ ဒီမှာလုပ်မယ်ဆိုလို့ရှိရင် လည်း Logistically က သိပ်မလွယ်တာက တစ်ရက်မှာဆိုရင် ခွေးဖမ်းပြီးဆေးထိုးမယ်ဆိုရင် အကောင် ၁၀၀ ကနေ ၂၀၀ ပဲ ထိုးနိုင်မယ်။ Team တစ်ခုမှာလည်း လူငါးယောက်ပါမှာ။ ခွေးကဖမ်းရအုံးမယ်။ ချုပ်ရအုံးမယ်။ မေ့ဆေးပေးရအုံးမယ်။ အဲဒါတွေကို အကုန်လုပ်ရပါတယ်။ အကယ်၍ Sterilization လုပ်တဲ့အခါမှာ အထီးတစ်ကောင်ကို ကျွန်တော်တို့က သင်းကွပ်မယ်ဆိုရင် ၁၀၀၀၀ ကျပ် ကုန်ပါတယ်။ တစ်ရက်ကို လုပ်နိုင်တဲ့ ခွေးကောင်ရေက ၄၀၊ ၅၀ ပဲ ကျွန်တော်တို့လုပ်နိုင်ပါတယ်။ ခွေးအမတစ်ကောင်ကို Sterilization လုပ်မယ်ဆိုရင် ၃၀၀၀၀ ကျပ် ကနေ ၄၀၀၀၀ ကျပ်လိုပါတယ်။ တစ်ရက်မှာဆို ခွဲရတဲ့ အချိန်လည်းလိုတယ်။ ဆိုတဲ့အခါကျတော့ ၃၀ ကောင်လောက်ပဲရမှာဖြစ်ပါတယ်။ ခွေးတွေကိုတော့ ဆက်ပြီးကာကွယ်ဆေးထိန်းဖို့ဆိုတာကတော့ နည်းနည်းခက်ပါတယ်။ ဘတ်ဂျက်ကလည်း အရမ်းနည်း မှာဖြစ်ပါတယ်။

သို့သော်လည်း ခွေး Population ရဲ့ ၇၀ ရာခိုင်နှုန်းသောခွေးကိုတော့ ကာကွယ်ဆေးတွေ လုပ်ပေးမယ်ဆိုရင်တော့ ခွေးရူးရောဂါအနေနဲ့ကတော့ လျော့သွားမှာဖြစ်ပါတယ်။ ဒါနဲ့ ဘတ်ဂျက် ကတော့ အများကြီးလိုမယ့်အတွက် Root Cause

အဓိကအကြောင်းက ဘာလဲ။ အဓိကအကြောင်း သည် ခွေး Population ကျသွားဖို့ အဓိကကျပါတယ်။ ဒီကိစ္စကိုလည်း ကျွန်တော်တို့အားလုံး ဝိုင်းဝန်း စဉ်းစားရမယ်။ ခွေး Population ကျအောင် ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ။ သို့မှသာလျှင် ကျွန်တော် ခုနကပြောတဲ့ ၁၃.၇၂ ဘီလီယံက သုံးဘီလီယံလောက်ပဲ သုံးဖို့လိုပါတယ်။ မဟုတ်လို့ရှိရင် ဆက်ပြီး ၁၃ ဘီလီယံကနေ ၂၀ ဘီလီယံဖြစ်သွားမယ်ဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးရဲ့ဘတ်ဂျက်က တော်တော်များများဖဲ့ပေးလိုက်ရမယ့် သဘောရှိပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ပြန်လည်ပြီးတော့ သုံးသပ်ဖို့ လိုမယ်ထင်ပါတယ်။ ကျွန်တော်တို့လည်းလုပ်တယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း လုပ်တယ်။ INGO တွေ၊ NGO တွေလုပ်တယ်။ ဒါပေမဲ့ ပြန်ပြီးတော့ ထိုင်ဖို့လိုမယ်ထင်ပါတယ်။ ဘယ်လိုလုပ်မလဲ။ လက်တွေ့ကျသော မဟာဗျူဟာနည်းဗျူဟာနဲ့ လုပ်ရ မယ်။ Theoretical လုပ်လို့မရပါဘူး။ အဘက်ဘက်က ပါဝင်ရမယ်။ လုပ်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ ASEAN Strategy မှာပါပါတယ်။ လူမှုယဉ်ကျေးမှုဆိုင်ရာထောက်တိုင်(Socio Cultural Pillar)၊ နည်းပညာဆိုင်ရာထောက်တိုင်(Technical Pillar)နဲ့ အဖွဲ့အစည်းဆောင်ရွက်မှုဆိုင်ရာ(Organization Pillar)နဲ့ အုပ်ချုပ်မှုစီမံခန့်ခွဲမှုဆိုင်ရာ(Political and Administrative Pillar)တွေနဲ့ အားလုံးဝိုင်းဝန်း ပြီးတော့ လုပ်ဆောင်မှသာလျှင် အောင်မြင်မှာဖြစ်ပါတယ်။ သို့သော် နိဂုံးချုပ်အနေနဲ့ ကျွန်တော် တစ်ချက်ပြောချင်တာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ မိမိတို့မဲဆန္ဒနယ်ကို ပြန်ရောက်တဲ့အခါမှာ မြို့နယ်မှာဖြစ်ဖြစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှာဖြစ်ဖြစ် ဒါကိုဘယ်လိုလုပ်မလဲ ဆိုတာကို ဝိုင်းဝန်းဆွေးနွေးအကြံပြုပေါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများကပေးတဲ့ အကြံတွေကို ကျွန်တော်တို့က Seriously သေသေချာချာလက်ခံစဉ်းစားပြီးတော့ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ဒီမေးခွန်းနဲ့ ဝန်ကြီးဌာနရဲ့ ဖြေကြားချက်ဟာ ပြည်သူတွေအတွက် အကျိုးဖြစ်ထွန်းမှာဖြစ်တဲ့အတွက် လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံပိုင်သတင်းစာများမှာ ဖော်ပြနိုင်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**လွန်ခဲ့သော နှစ် ၅၀ ကဲ့သို့ မြန်မာ့ရေကူးလောက တစ်ခေတ်ဆန်းစေရန်နှင့် နိုင်ငံတကာခေတ်မီ ရေကူးကစားသမားများ ပေါ်ထွက်လာစေရန် မည်ကဲ့သို့ ပြုစုပျိုးထောင်လေ့ကျင့်နေပါသနည်းနှင့် အခြေခံပညာနှင့် တက္ကသိုလ်မှကျောင်းသားများအား ပြုစုပျိုးထောင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒေါက်တာစိန်မြအေး၊ ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လွန်ခဲ့တဲ့ နှစ် ၅၀ ကလို နိုင်ငံတကာအဆင့်မီ ရေကူးအားကစားသမားများ ပေါ်ထွက်စေရန် ယခု ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ ဆက်လက်မေးမြန်းခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ လွန်ခဲ့သောနှစ် ၅၀ ကျော်က Power Point မှာပြထားတဲ့အတိုင်း မြန်မာ့ရေကူးအားကစားဟာ ၁၉၅၉ ခုနှစ်ကစလို့ ၁၉၆၉ ခုနှစ်ထိ ရွှေရောင်ဆု တံဆိပ်နဲ့အတူ အမြင့်ဆုံးအောင်မြင်မှုတို့ကို ရခဲ့ပါတယ်။ ဒါပေမဲ့လည်း ၁၉၆၉ ခုနှစ်ကတည်းက အောင်မြင်မှုဆက်တိုက်ကျဆင်းလာတာဟာ

၁၉၇၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်၊ ၁၉၈၉ ခုနှစ်မှ ၁၉၉၇ ခုနှစ် အတွင်း ဘာဆုတံဆိပ်မှ မရတဲ့အနေအထားကို ထိုးကျသွားပါတယ်။ ယနေ့တိုင် ဆုတံဆိပ်အနည်းငယ် ရတာကလွဲလို့ နာလန်မထူနိုင်တော့တဲ့အတွက် ရေကူးအားကစား ရှေ့ခရီးကို စိုးရိမ်မိပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဂုဏ်ကို ဆုတံဆိပ်အများဆုံးနဲ့ရယူနိုင်ဖို့ ရေကူး အားကစားဟာ ပြေးခုန်ပစ်အားကစားပြီးလျှင် အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများ၌ ဆုတံဆိပ်အများဆုံး ရွှေတံဆိပ် ၄၂ ခုထိ ရနိုင်တဲ့အားကစားဖြစ်ကြောင်း Power Point မှာပြထားပါတယ်။ ခေတ်သစ်အိုလံပစ်များ၏ အစ ၁၈၉၆ ခုနှစ်မှာ ရေကူးအားကစားပြိုင်ပွဲများ စတင်ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံမှာတော့ ရေကူး အားကစားနည်းကို ၁၉၃၀ ခုနှစ်မှ စတင်လေ့ကျင့်လိုက်စားခဲ့ကြတာ ၁၉၃၄ ခုနှစ်မှာ အမျိုးသား ရေကူးအသင်းကြီးပေါ်ပေါက်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှာ ဗန်းမော်မြို့မှ ရေကူးသမား တင်မောင်နီဟာ ရေကူးသမိုင်းရဲ့ ထူးခြားသောနှစ်အစ ဖြစ်စေခဲ့ပါတယ်။ ဒီအချိန်ကစပြီး တင်မောင်နီ၊ မြသီး၊ ချစ်စိန်၊ မညွန့်ခင်၊ နန္ဒကျော်စွာ၊ မောင်ကြည်၊ မိုးသူအောင် စသည်ဖြင့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ရေကူး သူရဲကောင်းများစွာ ပေါ်ထွက်ခဲ့ပါတယ်။ ဦးမောင်မောင်စိန်ဟာလည်း ဦးတင်မောင်နီရဲ့စံချိန်ကို ၁၉၈၄ ခုနှစ်မှာ ချိုးခဲ့ပါတယ်။ Power Point မှာပြထားတဲ့အတိုင်း တင်မောင်နီဟာ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲ များမှာ ရွှေကိုးခု၊ ငွေသုံးခု၊ ကြေးနှစ်ခုရခဲ့ပြီး ၁၉၆၁ ခုနှစ်မှာ ဥပရောပနိုင်ငံနှင့် အမေရိကန်နိုင်ငံ ရေကူး သမားများကို အံ့အားသင့်စေခဲ့ပါတယ်။ ၁၉၆၂ ခုနှစ် အာရှအားကစားပြိုင်ပွဲမှာ ဂျပန်နိုင်ငံ ရေကူး သမားကို အနိုင်ယူခဲ့ပြီး ရွှေနှစ်ခုယူပေးခြင်းအားဖြင့် အမြင့်ဆုံးအောင်မြင်မှုကို ရခဲ့ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု နောက်ပိုင်းကာလမှာ ရေကူးအားကစားနည်းဟာ လွန်ခဲ့သောနှစ် ၅၀ ကနဲ့မတူဘဲ ကျဆင်းနေပြီး လူရွေးပွဲအဆင့်မှာတောင် နိုင်ငံတကာအဆင့်သို့ မတက်ရောက်နိုင်တော့ပါဘူး။ ငယ်ရွယ်စဉ်ကတည်းက နည်းစနစ်မှန်မှန်ဖြင့် ရေရှည်လေ့ကျင့် ပျိုးထောင်ရသော အားကစားနည်းဖြစ်တဲ့အတွက် ထူးချွန်အားကစားလူငယ်များ ရွေးချယ်ရေး Talent Test Counting က အထူးလိုအပ်ခြင်း၊ ရေတွင် အဓိကလေ့ကျင့်ရသော အားကစားဖြစ်သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများမှာ အပြည်ပြည်ဆိုင်ရာရေကူးကန်များမရှိခြင်း၊ အဆင့်မမီခြင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာနှင့် တက္ကသိုလ်၊ ကောလိပ်များ၊ တပ်မတော်(ရေ)နဲ့ တပ်ရင်းတပ်ဖွဲ့များ၊ အားကစားသိပ္ပံများ၊ ရေကူးကလပ်များက စုပေါင်းဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်နေခြင်း၊ ရေကူးအားကစားသမားကောင်းများ မွေးထုတ်ရာတွင် အားကစားသိပ္ပံများ၌ အသက် ၁၃ နှစ်ရှိပြီး အချိန်နှောင်းမှသာ စတင်လေ့ကျင့်သင်ကြားပေးခြင်းများကြောင့် အခြေခံပညာမှ ကလေးများကို ရေကူးအားကစားအဖွဲ့ချုပ်နှင့်လက်တွဲ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန ပူးပေါင်းအစီအစဉ်ဖြင့် စီမံကိန်းချကာ ပြုစုပျိုးထောင်ရန် လိုအပ်နေပြီဖြစ်ပါ တယ်။ ရန်ကုန်မြို့မှာရှိတဲ့ နိုင်ငံတကာအဆင့်မီ လေ့ကျင့်ပေးနိုင်မယ့် ရေကူးကန်ဖြစ်တဲ့ အမျိုးသား ရေကူးကန်ဟာလည်း လက်ရှိအခြေအနေမှာ အခြေအနေမကောင်းဘဲနဲ့ သွေးပူလေ့ကျင့်ခန်း လုပ်ကိုင်ရန် နေရာများ မရှိတော့တဲ့အတွက် ကန်ဘောင်ပေါ်မှာပြုလုပ်နေရခြင်းနဲ့ ရေကူးသမား အများစုကလည်း ကိုယ့်စရိတ်ကိုယ်စား လေ့ကျင့်နေရတယ်လို့လည်း သိရှိရပါတယ်။ ဒီအခက်အခဲတွေ ကြားထဲက အောင်မြင်မှုအလားအလာရှိတဲ့ မျိုးဆက်သစ် ရေကူးသမားများ ထွက်ပေါ်လာရန် ၂၀၁၈ ခုနှစ် ထိုင်းဘုရင့်သမီးတော် ချူလာကွန်းရေကူးပြိုင်ပွဲမှာ ရွှေ၊ ငွေ၊ ကြေး စုစုပေါင်း ၃၀ ခုရယူနိုင်ပြီး အသက် ၁၂ သာရှိသေးတဲ့ အလားအလာကောင်းသော မျိုးဆက်သစ်ရေကူးမယ်တစ်ဦးဖြစ်သူ သွန်းမိုး မေသီလည်း ၂၀၁၉ ခုနှစ်မှ လက်ရှိအချိန်အထိ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ၈၅ ခု နှင့်

အမျိုးသမီးအကောင်းဆုံးရေကူးသမားဆုနှစ်ဆုရခဲ့တာလည်းသိရှိရပါတယ်။ ဒီလိုမျိုးဆက်သစ် တွေကို ဆက်လက်ပြုစုပျိုးထောင်ပေးပြီး မြန်မာ့ရေကူးခေတ်တစ်ခေတ် ပြန်လည်ဆန်းသစ်စေရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုပါကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၏ မေးခွန်းဖြစ်တဲ့ လွန်ခဲ့တဲ့နှစ် ၅၀ ကဲ့သို့ မြန်မာ့ရေကူးလောက တစ်ခေတ်ဆန်း စေရန်နှင့် နိုင်ငံတကာအဆင့်မီ ရေကူးသမားများပေါ်ထွက်လာစေရန် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန မည်ကဲ့သို့ ပြုစုပျိုးထောင်လေ့ကျင့်နေပါသနည်းနှင့် အခြေခံပညာနှင့် တက္ကသိုလ်များမှ ကျောင်းသားများပြုစုပျိုးထောင်ရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး ကျွန်တော် ဖြေကြားမှာဖြစ်ပါ တယ်။

ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို ပြန်လည်သုံးသပ်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ နိုင်ငံတကာအဆင့်အတန်းမီ ထွက်ဖို့ဆိုလို့ရှိရင် အဓိကအားဖြင့် ရေကူးကန်လိုပါတယ်။ ရေကူး နည်းပြတွေလိုပါတယ်။ ဒီနှစ်ခုမရှိရင် ဘယ်လိုမှရှေ့ဆက်သွားလို့ မရပါဘူး။ ရေကူးကန်နဲ့ ရေကူးနည်းပြ ရှိသည့်အပြင် ကျောင်းသားများ၊ ပြည်သူများ ရေကူးမှာစိတ်ဝင်စားလာအောင် မဟာဗျူဟာ နည်းဗျူဟာနဲ့ လုပ်ရမှာရှိပါတယ်။ နောက်တစ်ချက်က ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ယခုထက်ပိုမိုပြီးတော့ ကျောင်းတွေမှာ ရေကူးသင်တန်းတွေပေးခြင်း။ ကျွန်တော်ဆက်လက်တင်ပြပါမယ်။ ပိုလုပ်ဖို့ရှိပါတယ်။ သို့သော် ဘယ်လောက်ပဲပိုလုပ်လုပ် ရေကူးကန် မရှိဘူးဆိုရင် ဘာမှလုပ်လို့မရပါဘူး။ ကျွန်တော်တို့ရဲ့နိုင်ငံမှာ အဓိကလိုအပ်ချက်သည် မြို့နယ်တွေမှာ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တွေမှာ ရေကူးကန်များ ပိုမိုရှိဖို့လိုပါတယ်။ ဒါလည်း ကျွန်တော်တင်ပြပါ မယ်။ နွေရာသီရေကူးသင်တန်းတွေ လုပ်နေပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ဆက်လက်ပြီး အရှိန်အဟုန်မြှင့်ပါမယ်။ ကျွန်တော်တို့အနေနဲ့ ပြန်ကြည့်တဲ့အခါမှာ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနပိုင် နိုင်ငံတကာအဆင့်မီရေကူးကန်က သုံးကန်ပဲရှိပါတယ်။ နေပြည်တော်မှာ ဝဏ္ဏသိဒ္ဓိ၊ ရန်ကုန်မှာ ဦးဝိစာရနှင့် မြောက်ဒဂုံ စုစုပေါင်း သုံးကန်ရှိပါတယ်။

ကျွန်တော်တို့မှာ ခုနသုံးကန်အပြင် ရေကူးလေ့ကျင့်နိုင်သည့်ကန် ရှစ်ကန်ရှိပါတယ်။ နေပြည်တော်မှာတစ်ခု၊ မြောင်းမြမြို့၊ ဟားခါးမြို့၊ ပလက်ဝမြို့၊ လွိုင်ကော်မြို့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့(အားကစားသိပ္ပံ)နဲ့ မြောင်းမြမြို့မှာရှိပါတယ်။ စုစုပေါင်းရှစ်ကန်ဆိုတော့ အားလုံးပေါင်း ၁၁ ကန်ပဲရှိပါတယ်။ ဒီရေကူးကန်ကို တည်ဆောက်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော့်အနေနဲ့ နိုင်ငံတကာရေကူးကန် မိုးလုံလေလုံတည်ဆောက်ဖို့ကတော့ တော်တော်လေးခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အလျား ၅၀ မီတာ၊ အနံ ၂၅ မီတာ Lane က ၁၀ ခုရှိရမယ်။ ဘီလီယံလောက် ကုန်ပါမယ်။ ဥပမာ-ဝဏ္ဏသိဒ္ဓိမှာရှိတဲ့ နိုင်ငံတကာအဆင့် ရေကူးကန်ကြီးဟာဆိုလို့ရှိရင် ၂၃ ဘီလီယံ ကုန်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများကျင်းပနိုင်သည့် အမိုးမပါတဲ့ရေကူးကန် မီတာ ၅၀၊ ၂၅ မီတာ Lane ၁၀ ခုပါတာက သန်း ၇၀၀ ကနေပြီးတော့ သန်း ၁၃၀၀ ကုန်ပါတယ်။ Water Treatment ပါ ပါလို့ရှိရင် သန်း ၁၃၀၀၊ Water Treatment မပါဘဲနဲ့

Manual နဲ့ပဲ လုပ်တဲ့ဟာဆိုလို့ရှိရင် သန်း ၇၀၀ လောက်ကုန်ပါတယ်။ အပန်းဖြေလေ့ကျင့်နိုင်တဲ့ရေကူးကန်က အမိုးပါမယ်ဆိုလို့ရှိရင် မီတာ ၅၀၊ ၁၁ မီတာ နဲ့ Lane လေးခုပဲပါတာက သန်း ၂၅၀ လောက်ကုန်ပါတယ်။ အကယ်၍ အပန်းဖြေလေ့ကျင့် ရေကူးကန် အမိုးမပါဘူးဆိုလို့ရှိရင်တော့ သန်း ၁၅၀၊ သိန်း ၁၅၀၀ လောက်နဲ့ ကျွန်တော်က လုပ်လို့ရပါတယ်။

ဥပမာဆိုလို့ရှိရင် ဟားခါးမြို့နဲ့ ပလက်ဝမြို့မှာရှိတဲ့ ကျွန်တော်တို့ပိုင်တဲ့ ရေကူးကန်နှစ်ခုက သန်း ၁၅၀ ပဲကုန်ပါတယ်။ ရေကူးကန်ဆောက်တာနဲ့ မပြီးသေးပါဘူး။ ပြုပြင်ထိန်းသိမ်းစရိတ်ဆိုတာ လိုပါတယ်။ ရေသန့်စင်ခြင်းကအစ အနည်စုပ်ထုတ်ခြင်းက တစ်လ၊ တစ်လကို ငါးသိန်းကနေပြီးတော့ သိန်း ၄၀ လောက်ထိ Maintenance Cost ကုန်ပါတယ်။ ဒါတွေအားလုံးကတော့ ဘဏ္ဍာငွေရမယ် ဆိုလို့ရှိရင်တော့ လုပ်ချင်ပါတယ်။ အလွန်အရေးကြီးပါတယ်။ ခုနပြောတဲ့ သန်း ၁၅၀(သိန်း ၁၅၀၀) လောက်ဆိုရင်တော့ ကျွန်တော်တို့က နှစ်အလိုက်၊ နှစ်အလိုက် ဒါကိုဘတ်ဂျက်မှာတင်ပြ၍ လုပ်မယ် ဆိုရင် မဖြစ်နိုင်စရာအကြောင်းမရှိပါဘူး။ နောက်တစ်ချက်က ဘာကြောင့် အဲဒီလိုပြောရသလဲဆိုတော့ ရေကူးခြင်းရဲ့အကျိုးအာနိသင်က တော်တော်များပါတယ်။ ဘာကြောင့်လဲဆိုတော့ Full Body တစ်ကိုယ်လုံး Exercise ရတဲ့အပြင် နှလုံးနဲ့ အဆုတ်နဲ့ကပိုအားကောင်းတာ။ သူက Pressure နဲ့ လုပ်နေရတဲ့အတွက် နှလုံးနဲ့အဆုတ်က ပိုကောင်းတယ်။ ပိုကောင်းရင် အောက်ဆီဂျင်ပိုရမယ်။ အောက်ဆီဂျင်ပိုရရင် သူ့ရဲ့ကောင်းကျိုးတွေက ဆက်တိုက်အများကြီးရှိပါတယ်။ Stamina တက်တာ ကအစ အများကြီး၊ အများကြီးပါပဲ။ နောက်တစ်ချက်က ကျန်တဲ့ဟာက အများကြီးပေါ့။ ကောင်းကောင်း အိပ်နိုင်တယ်။ Stress မရှိဘူးကအစ အများကြီး။ ရေကူးရဲ့ Benefit က ကျန်နဲ့အားကစားတွေထက် ပိုကောင်းတာက နှလုံးနဲ့အဆုတ်ကို ပိုအားကောင်းတယ်။ ထို့အပြင် ကြွက်သားတွေကိုလည်း အားကောင်းတယ်။ ရေကူးသည် အလွန်ကောင်းတဲ့ အားကစားတစ်မျိုးဖြစ်တဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာစိန်မြအေးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီမေးခွန်းကို မေးတဲ့ အတွက်နော်။

နောက်တစ်ချက်က ကျွန်တော်တို့အနေနဲ့ကတော့ ဒီဟာကိုလုပ်ဖို့အတွက်ကို ဘာတွေလုပ်နေလဲ ဆိုတော့ အားကစားပြက္ခဒိန်ရှိပါတယ်။ အားကစားအားလုံးအတွက်ကို တစ်နှစ်မှာ ဘာတွေလုပ်မယ်။ ဘယ်လမှာ ဘာလုပ်မယ်။ အားကစားပြက္ခဒိန်ရှိပါတယ်။ ရေကူးနဲ့ပတ်သက်မယ်ဆိုရင် January လမှာဆိုရင် တပ်မတော်(ကြည်း)၊ (ရေ)၊ (လေ) ရေကူးပြိုင်ပွဲတွေရှိပါတယ်။ မေလမှာဆိုရင် သက်တမ်း အလိုက် Europe ပြိုင်ပွဲတွေရှိပါတယ်။ ဇွန်လမှာဆိုရင် အိုလံပစ်အထိမ်းအမှတ် ရေကူးပြိုင်ပွဲ ရှိပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲရှိပါတယ်။ ဇွန်လမှာနှစ်မျိုးရှိပါတယ်။ အောက်တိုဘာလမှာဆိုရင် အားကစားသိပ္ပံနဲ့ ကျောင်းပေါင်းစုံရေကူးပြိုင်ပွဲရှိပါတယ်။ အခြေခံပညာ ကျောင်းပေါင်းစုံ ရေကူးပြိုင်ပွဲရှိပါတယ်။ ဒီဇင်ဘာလမှာတော့ အလွတ်တမ်းတံခွန်စိုက် ရေကူးပြိုင်ပွဲ များ လုပ်လျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အတိုင်း သူ့မေးခွန်းထဲမှာပါပါတယ်။ အား/ကာသိပ္ပံထဲမှာ အသက် ၁၃ နှစ်မှစပြီးတော့ ယူတဲ့အခါ ကျတော့ နောက်ကျနေပြီလို့ပြောပါတယ်။ ၁၃ နှစ်မဟုတ်ပါဘူး။ အားကစားခြောက်မျိုးကို ဝူရှူး၊ ဂျမ်းဘား၊ Table Tennis နဲ့ ရွက်လှေမှာတော့ အသက်ငယ်ငယ်လေးတွေ စယူပါတယ်။ ၁၃ နှစ်ကို မစောင့်ပါဘူး။ ၁၁ နှစ်သားကနေ စပြီးယူပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီး ရန်ကုန်မြို့နဲ့မန္တလေးမြို့ အားကစားသိပ္ပံမှာတော့ လောလောဆယ်တော့ ၄၇ ယောက်ကို ကျွန်းစွယ်တို့မှာ အနိုင်ရဖို့အတွက်ကို အပတ်တကုတ်ကြိုးစားပြီးတော့ Training ပေးနေပါတယ်။

မူကြမ်း

ကျွန်တော်တို့အနေနဲ့ကတော့ ရေကူးသင်တန်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက နှစ်စဉ်နှစ်စဉ် နွေရာသီရေကူးသင်တန်း ဖွင့်ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်တုန်းက ၁၄၀၇ ဦး သင်တန်း ပေးခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ၉၅၀ ဦး၊ ၂၀၁၉ ခုနှစ်မှာ ၁၄၄၈ ဦး သင်တန်းပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ပညာရေးဝန်ကြီးဌာန နဲ့ပေါင်းစပ်၍ဖြေရမည်ဖြစ်တဲ့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ နွေရာသီရေကူးသင်တန်းများကို ပေးလျက်ရှိပါတယ်။ မတ်လမှာဆိုလို့ရှိရင် အခြေခံပညာက ၅၀ ဦး၊ ဖေဖော်ဝါရီလနှင့်မတ်လမှာ ၅၀၀ ဦးသင်တန်းပေးခဲ့ပါတယ်။ မတ်လမှာ ၃၁၀ ဦးပေးပါတယ်။ တက္ကသိုလ်နှင့်ဒီဂရီကောလိပ်မှာ ၁၂၅ ဦးကို အမျိုးသားရေကူးကန်ရယ်၊ ကျွန်တော်တို့ပိုင်တဲ့ မြောက်ဒဂုံနဲ့ ကုက္ကိုင်းပေါ့။ ကုက္ကိုင်းကတော့ ကျွန်တော်တို့မပိုင်ဘူး။ အဲဒီရေကူးတွေမှာ ကျွန်တော်တို့ သင်တန်းပေးခဲ့ပါတယ်။ ရေကူးနည်းပြတွေကို လုပ်တဲ့အခါမှာ သူတို့ကိုသင်တန်းပေးမယ်။ Administrative ပေါ့ အုပ်ချုပ်ရေးပိုင်းအစ။ အကုန်လုံးကိုပံ့ပိုးနိုင်မှ B.Sc Sports တွေကို ထုတ်နေ ပါတယ်။ ဒဂုံတက္ကသိုလ်နဲ့ ရတနာပုံတက္ကသိုလ်မှာ B.Sc Sports ဆိုတာ ဘက်စုံအကုန်သိပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ထုတ်တယ်။ အခုသင်ကြားနေတာက အားလုံးတော်တော်များပါတယ်။ ရန်ကုန်မြို့မှာဆို B.Sc Sports ကို ၂၀၃ ယောက်တက်နေပါတယ်။ မန္တလေးမြို့မှာ ၂၁၇ ယောက် တက်ပြီး သင်ကြားလျက်ရှိပါတယ်။ သင်ကြားရာမှာလည်း သီအိုရီလည်း မဟုတ်ပါဘူး။ လေ့ကျင့်ရေး လည်းလုပ်ပါတယ်။ လေ့ကျင့်ရေးက ၂၄ ခု၊ သင်ကြားရေးက ၁၀ ခုနဲ့ လုပ်နေပါတယ်။ သူတို့အောင်တယ်ဆိုရင် ကျွန်တော်တို့က နည်းပြမဟုတ်သော်လည်း နည်းပြကိုပြန်ပြီးတော့ Supervise လုပ်နိုင်တဲ့ကိစ္စတွေ အများကြီးဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့လုပ်နေပါတယ်။

ကျွန်တော့်အနေနဲ့တင်ပြလိုတာကတော့ ဘဏ္ဍာငွေရရှိရင် ရရှိသလို ရေကူးကန်များကို ပိုမို ဆောက်ချင်ပါတယ်။ နောက်တစ်ချက်က ရှိပြီးသားရေကူးကန်ကိုလည်း ပိုမိုအကျိုးရှိဖို့အတွက်ကို အချိန်ပေါ့။ ဘယ်အချိန်မှာ ဘယ်လောက်ပေးမယ်။ ဆိုတာကို ကျွန်တော်တို့ပြန်လည်သုံးသပ်နေပါ တယ်။ လေ့ကျင့်ချိန်၊ အချိန်ဇယား၊ နည်းပြများကိုလည်း ယခုထက်ပိုမိုပြီးတော့ တိုးထုတ်ဖို့စီစဉ် နေပါတယ်။ ထို့အပြင် နိုင်ငံခြားနည်းပြကိုလည်း ကျွန်တော်တို့ငှားထားပါတယ်။ နိုင်ငံခြားနည်းပြ ကလည်း ကျွန်တော်တို့နည်းပြတွေကို သင်တန်းပေးခြင်းများကို လုပ်နိုင်ပါတယ်။ ထို့အပြင် ကျွန်တော်တို့က ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံများကလည်း ချိတ်ဆက်ပြီးတော့ သူတို့ အများကြီးလုပ်နေပါတယ်။ ထို့အပြင် ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးတစ်ဆင့် တင်ပြလိုတာကတော့ သန်း ၁၅၀ ပဲ ကုန်မယ့်ရေကူးကန်ဆိုတာ Private Public Partnership ဆိုလို့ရှိရင် အများကြီးဖြစ်နိုင်ပါတယ်။ ပိုက်ဆံတော့ကောက်မယ်။ ရေရှည်ကို ကြည့်ပြီးတော့ အလွန်နည်းပါးသောပိုက်ဆံကို ဝင်ကြေးကောက်ပြီးတော့ Private Public Partnership နဲ့သာ ရေကူးကန် သန်း ၁၅၀ ဆိုရင် ကျွန်တော်မြင်တာကတော့ လုပ်ချင်တဲ့ပုဂ္ဂလိက လုပ်ငန်းရှင်များ အများကြီးသိရှိမယ်လို့တင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒါကိုလည်းဖိတ်ခေါ်ပါတယ်။ ဆက်လက် ပြီးတော့လည်း ပြိုင်ပွဲတွေကိုလည်း လုပ်ပေးပါမယ်။ ဆုကြေးတွေကိုလည်း အများကြီးတိုးပါပြီ။ ASEAN အဆင့်၊ South East Asian Region အဆင့် စိတ်ဝင်စားမှုရှိအောင် အကုန်လုံး ဆုကြေးတွေကို အများကြီးတိုးတာပါ။ ကျွန်တော် ဒီမှာတစ်ခုတင်ပြချင်တာက သိသူဖော်စား မသိသူကျော်သွားဆိုသလို World Olympic Council သို့ ပြီးခဲ့တဲ့လက ကျွန်တော် ဒုတိယဝန်ကြီးကို Lausanne ကို လွှတ်လိုက်ပါတယ်။ အဲဒီမှာသွားပြီးတော့ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ယူလို့ရတာ တွေက အများကြီးရှိတယ်။ အဲဒါတွေကို အမှန်အတိုင်းပြောမယ်ဆိုရင် မသိခဲ့ပါဘူး။ အားကစား အမျိုးမျိုးမှာ သင်တန်းတွေအလကားရတာကအစ အများကြီး ကျွန်တော်တို့သိလာခဲ့ပါတယ်။

အဲဒါတွေကို ကျွန်တော်တို့ ဝင်ဆွေးနွေးပြီးတော့ World Olympic Council ကနေပြီးတော့ ဘယ်လိုအထောက်အကူရမယ်ဆိုတာကို စဉ်းစားပြီးလုပ်ဆောင်နေပါတယ်။ ဒါတွေကိုလုပ်မယ်ဆိုလို့ရှိရင်တော့ ရေကူးလည်း အပါအဝင် အားကစားဘက်စုံကို အများကြီးအကူအညီရမည်ဖြစ်ကြောင်း ပြောကြားရင်း နဲ့လေးစားစွာဖြေကြားပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဖလမ်းမြို့ ခုတင်(၂၀၀)ဆေးရုံတွင် ကျောက်ကပ်သန့်စင်စက် တပ်ဆင်ရန်နှင့် ၎င်းနှင့်ပတ်သက်သော အထူးကုဆရာဝန်(ဆေးပညာ)ခန့်ထားရန်၊ အထွေထွေရောဂါကု ဆရာဝန်သမားတော်နှင့် လက်ထောက် ဆရာဝန်ခန့်ထားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဖလမ်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဗဲလ် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ကျောက်ကပ် သန့်စင်စက်တပ်ဆင်နိုင်ရန်နှင့် ၎င်းနှင့်ပတ်သက်သော အထူးကုဆရာဝန်ဆေးပညာ၊ အထွေထွေ ရောဂါကုဆရာဝန်သမားတော်၊ လက်ထောက်ဆရာဝန်များ တိုးချဲ့ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ မေးမြန်းရတဲ့အကြောင်းအရင်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှာ ကျောက်ကပ်သန့်စင်စက် တပ်ဆင်နိုင်ခြင်းမရှိသေးခြင်း၊ အထွေထွေရောဂါကု သမားတော်မရှိခြင်း၊ လက်ထောက် ဆရာဝန်များလည်း သုံးဦးသာရှိသဖြင့် ပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှုတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသောကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ကျောက်ကပ်သန့်စင်စက်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ ခွင့်ပြုချထားပြီးဖြစ်သော်လည်း ယနေ့အထိ တပ်ဆင်နိုင်ခြင်းမရှိသေးကြောင်း သိရှိရပါတယ်။ အဆိုပါ ကျောက်ကပ်သန့်စင်စက်အတွက် လိုအပ်သော ရေရရှိရေးကိစ္စကို မြို့နယ်စည်ပင်ကတာဝန်ယူပြီးဖြစ် ကြောင်း သိရပါတယ်။ ထို့အပြင် အခန်းပြင်ဆင်ရေးအတွက် လိုအပ်ချက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချထားပေးပြီးဟု သိရှိရပါတယ်။ သို့ရာတွင် ဖလမ်းမြို့၊ ပြည်သူ့ဆေးရုံကြီးတွင် ရေသန့်စင်စက် Ro Machine တပ်ဆင်ရန်နှင့် ၎င်းနှင့်ပတ်သက်သော အထူးကုဆရာဝန် (ဆေးပညာ)ခန့် ထားပေးရန် လိုအပ်လျက်ရှိနေပါသေးတယ်။ ၎င်းဒေသမှ ကျောက်ကပ်နှင့်ပတ်သက် သော လူနာများမှာ လောလောဆယ် ရန်ကုန်-မန္တလေး စသောမြို့ကြီးများသို့ သွားရောက်ကုသ နေပါသဖြင့် အချိန်ကုန်၊ ငွေကုန် လူပင်ပန်းစသည်တို့ ရင်ဆိုင်နေရသည်ကို တွေ့ရှိရပါတယ်။ ထို့အပြင် ဖလမ်းမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် အထွေထွေရောဂါကုသမားတော်လည်း မရှိ၊ လက်ထောက်ဆရာဝန်သုံးဦးသာရှိသဖြင့် လုံလောက်သောဆေးကုသမှု မပေးနိုင်သော အခြေအနေ တွင်ရှိနေကြောင်း သုံးသပ်ရပါတယ်။ သို့ဖြစ်၍ ချင်းပြည်နယ်၊ ဖလမ်းမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ ဆေးရုံကြီးတွင် နံပါတ်(၁) ကျောက်ကပ်သန့်စင်စက်တပ်ဆင်ပေးရန်နှင့် ၎င်းနှင့်ပတ်သက်သော အထူးကုဆရာဝန်(ဆေးပညာ)ခန့်ထားပေးရန်၊ နံပါတ်(၂)

အထွေထွေရောဂါကုဆရာဝန် သမားတော် ခန့်ထားပေးရန်နှင့် လက်ထောက်ဆရာဝန်များ တိုးချဲ့ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဆလိုင်းရီယန်းဖဲလ်၏ မေးခွန်းဖြစ်တဲ့ ချင်းပြည်နယ်၊ ဖလမ်းပြည်မှာ ခုတင်(၂၀၀)ဆံ့ ကျောက်ကပ် သန့်စင်စက်တပ်ဆင်ရန်နှင့် ၎င်းနှင့်ပတ်သက်သော အထူးကုဆရာဝန်(ဆေးပညာ)ခန့်ထားရန်၊ အထွေထွေရောဂါကုဆရာဝန်သမားတော်များခန့်ထားရန်နှင့် လက်ထောက်ဆရာဝန်များ၏ခန့်ထားရန် နှင့်ပတ်သက်ပြီးတော့ အစီအစဉ်နှင့်ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပထမဆုံးတင်ပြလိုသည်မှာတော့ ကျွန်တော်တို့နိုင်ငံမှာ ဆေးရုံပေါင်း ၁၁၅၁ ရုံရှိပါတယ်။ အထူးကုဆေးရုံ ၃၁ ရုံ၊ သင်ကြားရေး ကိုးရုံ၊ ခုတင်(၅၀၀) ၁၁ ရုံ၊ ခုတင်(၃၀၀) ၃ ရုံနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ခုတင်(၂၀၀)က ၂၈ ရုံရှိပါတယ်။ ဒါတွေကို ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ ခုတင်ကိုသတ်မှတ်တဲ့အခါမှာ ယခင်တုန်းက တကယ့်တကယ်တော့လိုအပ်ချက်မရှိဘူး။ သို့သော် ရေရှည်ကိုမူတည်ပြီး သတ်မှတ်ထားခြင်းဖြစ်ပါတယ်။

ခုတင် ၂၀၀ ကိုသာအတိအကျပေးမယ်ဆိုရင် ဖလမ်းပြည်သူ့ဆေးရုံမှာ ကျွန်တော် ဝန်ထမ်း ပေါင်း ၅၉၄ ယောက်ခန့် Specialty ၁၇ မျိုးရှိပါတယ်။ ဒါတွေမရှိပါဘူး။ ဒီခုတင်တွေဟာ တစ်ပြည်လုံး မှာရှိတဲ့ ခုတင်(၂၀၀)ဆေးရုံတွေမှာလည်း Specialty အထူးကုဆရာဝန်ကြီး ၁၇ ဦး၊ အထူးကုဆရာဝန် ၁၇ ဦး ဒါတွေအကုန်လုံးမပေးနိုင်သေးပါဘူး။ ဒါဆရာဝန်လိုအပ်ချက်အရ လိုအပ်မြဲလိုအပ်သလို ပေးလျက်ရှိပါတယ်။ ပေးလည်းပေးပါတယ်။ ရသလောက်ပေးပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ ဖလမ်းမှာဆိုရင် ခုတင်(၂၀၀)ဖြစ်တဲ့အတွက် လက်ထောက်ဆရာဝန် လိုအပ်ချက်က ၆၈ ဦးရှိပါတယ်။ ကျွန်တော်တို့ ဒီ ၆၈ ဦးကို မပေးနိုင်သေးပါဘူး။ အလားတူစွာပဲ ခုတင်(၃၀၀)၊ ခုတင်(၄၀၀)၊ ခုတင်(၅၀၀)မှာလည်း ဒီလိုရှိပါတယ်။ သို့သော်လည်း မိမိတို့ကတော့ ဖလမ်းဆေးရုံမှာတက်တဲ့လူနာ အရေအတွက် အခြေအနေ၊ အကြောင်းအရပ် ခက်ခဲတဲ့ဒေသ ဖြစ်တဲ့အတွက်ကြောင့် ဦးစားပေးပြီးလုပ်ပါတယ်။ ပြည်နယ်များအားလုံးကိုတော့ လုပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ကျောက်ကပ်အစားထိုး(Hemodialysis)လုပ်ဖို့အတွက် ကိုကတော့ ကျွန်တော်တို့မှာတော့ ဆေးရုံ ၃၃ ရုံမှာ Hemodialysis တွေရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ပြန်လည်စဉ်စားတဲ့အခါမှာ ရန်ကုန်မြို့မှာ ဆေးရုံခြောက်ရုံထားလို့ရှိရင် Dialysis Center တစ်ခုမှာလိုတဲ့ ဆရာဝန်၊ ဆရာမတွေက ဆေးရုံခြောက်ခုကိုသွားပြီး Run နေရတယ်။ အဲဒီတော့ ဒီဟာတွေအကုန်လုံးကို ပေါင်းပြီး တစ်ခုပဲလုပ်မယ်လို့ စဉ်းစားနေပါတယ်။ ရန်ကုန်မြို့ မှာတစ်ခုပဲထားမယ်။ ကျောက်ကပ်သန့်စင်တဲ့နေရာ အဲဒီတစ်နေရာကို လူနာတွေကသွား လို့ရှိရင်ပြီးပြီ။ အလားတူစွာ မန္တလေးမြို့မှာ ဆေးရုံခုနစ်ရုံရှိပါတယ်။ မန္တလေးမြို့မှာ ခုနစ်ရုံထားမလား။ တစ်နေရာတည်းမှာပဲ ဒီခုနစ်ရုံကဟာတွေ တစ်နေရာတည်းမှာ ထားလိုက်လို့ရှိရင် ကျွန်တော်တို့ ဆရာဝန်လိုအပ်ချက်လည်းလျော့သွားမယ်။

သူနာပြုဆရာမ အကုန်လိုအပ်ချက်လျော့သွားမယ်။ တကယ့်တကယ်ကတော့ ကျောက်ကပ်သန့်စင်ခြင်းယူနစ်ဆိုတာက ကျွန်တော်တို့နိုင်ငံမှာ စံနှုန်း Standard မပြည့်သေးပါဘူး။ ဒီကျောက်ကပ်ကို Run လုပ်နေရတာက မဟာသိပ္ပံဆေးပညာလည်း မဟုတ်ပါဘူး။ တကယ့်တကယ်တော့ Nephrologist ကလုပ်ရမှာပါ။ Nephrology ဟာ သူနာပြု မဟုတ်ဘူး။ Nephrology Nurse ကလုပ်ရမယ်။ နောက်ပြီးတော့ Renal Dietitian Action ကျောက်ကပ်ရောဂါဘယ်အစားအသောက်တွေစားရမယ်၊ ဘာတွေမစားရဘူးဆိုတာ အကုန်လုံးဒါတွေ မရှိသေးပါဘူး။

နောက် Nephrology မှာ Social Worker တွေရှိမယ်။ Biomedical Technician တွေက စက်ပျက်ရင် ဘယ်လိုလုပ်မလဲ။ ဒါတွေကို ကျွန်တော်တို့က တစ်နေရာတည်း စုပေါင်းလိုက်လို့ရှိရင် ငွေလည်း အကုန်သက်သာမယ်။ ဆရာဝန်နည်းနည်း ဆရာမနည်းနည်းနဲ့ Run လို့ရမယ်။ ဒါကို ကျွန်တော် သေချာစဉ်းစားနေပါတယ်။ တစ်ပြည်လုံးမှာတော့ အားလုံးရှိနေပါပြီ။ ကျောက်ကပ်သန့်စင် စက်။ ရခိုင်မှာကတော့ တစ်ခုပဲကျန်ပါတယ်။ ရခိုင်က ၂၀၂၀ နှစ်ဦးပိုင်းမှာ ကျွန်တော်တို့ ရှိပါတယ်။ စက်လည်းဝယ်ပြီး ပြီး။ အားလုံးလုပ်နေပါတယ်။ အဲဒါတွေကို။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အထူးကုဆရာဝန်တွေအနေနဲ့ကတော့ ကျွန်တော်တို့က ခန့်ထားလိုက်ပါပြီ။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ကနေပြီးတော့ ခန့်လိုက်တယ်။ သူ့အနေနဲ့ ဇူလိုင် ၁၅ ရက်နေ့ကနေပြီးတော့ အလုပ်စ တာဝန်ထမ်းဆောင်နေပါတယ်။ အထူးကုဆရာဝန် Specialist Medicine ပေါ့။ လွှတ်တော်ကိုယ်စား လှယ်တောင်းတဲ့ လက်ထောက်ဆရာဝန် ၁၀ ဦးကိုလည်း မတ်လ ၁ ရက်နေ့ အမိန့်စာနှင့် အကုန်ထုတ်ပြီးတော့ စတင်ပြီးတာဝန်ထမ်းဆောင်နေပြီလို့ပြောပါတယ်။ သို့သော် ဒီ ၁၀ ဦးသည် အကြာကြီးမထားပါဘူး။ ခက်ခဲဒေသ တစ်နှစ်ပြီးရင် ပြန်ခေါ်မယ်။ နောက်တစ်သုတ်သွားမယ်။ အဲဒီလိုလုပ်မှာပါ။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး လိုအပ်လျက်ရှိတဲ့ဆရာဝန်တွေ ကျွန်တော် ပေးလိုက်ပြီး ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး လိုအပ်တဲ့ ကျောက်ကပ်သန့်စင်စက်ကိုလည်း ကျွန်တော်က လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ ချထားပေးပြီး အခု ထက်ထိမပြီးသေးဘူးဆိုတာ အကြောင်းရှိပါတယ်ခင်ဗျား။ ဒီစက်ကတော့ ၁၄၅ သိန်းတန်ပါတယ်။ ကျွန်တော်တို့က ဒီဟာကို ဘာလို့မတပ်လဲဆိုတော့ အဲဒီတုန်းက လျှပ်စစ်မီးမရှိဘူး။ လျှပ်စစ်မကောင်း ဘဲနဲ့ Generator နဲ့သွားတိုက်ရင် စက်ပျက်လို့ရှိရင် ၁၄၅ သိန်းက သုညဖြစ်သွားမယ်။ နောက်တစ်ချက် အဆောက်အဦမပြီးသေးဘူး။ အဆောက်အဦမပြီးသေးဘဲနဲ့ လုပ်လို့မရဘူး။ အခု အဆောက်အဦ လည်းပြီးသွားပြီပြောပါတယ်။ လျှပ်စစ်မီးကလည်း ရပြီပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့က အဲဒီ အတွက်ကို ဒီနှစ်ခုတည်းနဲ့ မပြီးသေးပါဘူး။ သူက RO မရှိတဲ့အတွက် Reverse Osmosis Slender Tube တို့လိုပါတယ်။ အဲဒါဈေးလည်းကြီးပါတယ်။ အဲဒါလည်း ကျွန်တော်တို့ဝယ်ပြီးသွားပြီ။ သိန်း ၄၀၀ ကျော်ကျပါတယ်။ အဲဒါကိုလည်း ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ Tender ခေါ်ယူ ဝယ်ပြီး တဲ့အတွက် စက်တင်ဘာလမကုန်ခင်မှာ ဖလမ်းကိုရောက်မှာဖြစ်ပါတယ်။ ဒီစက်က မရှိလို့မရဘူး။ ဒါရေကိုသန့်စင်တဲ့စက်ပါ။ မလိုအပ်တဲ့ Iron တို့ ထုတ်ဖို့အတွက် ဒါလည်းရပြီဖြစ်တဲ့အတွက် ဖလမ်း ဆေးရုံကြီးမှာ စက်ကစပြီးလည်မှာဖြစ်တဲ့အတွက် ချင်းပြည်နယ်ပြည်သူများဟာ မန္တလေးဆင်းခြင်း၊ ရန်ကုန်ဆင်းခြင်းကို မလုပ်ရတော့ဘူးဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

မူကြမ်း

**ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ဆေးလိပ်၊ ဆေးရွက်ကြီးနှင့်ဆေးရွက်ပါသည့်**
**ကွမ်းယာသုံးစွဲမှုထိန်းချုပ်လျှော့ချနိုင်ရန် ထိရောက်သည့်မူဝါဒချမှတ် အကောင်အထည်ဖော်ရေး**
**အစိုးရအားတိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန်သင့်/မသင့်**
**အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုအား အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးခင်ချိုအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးခင်ချို (လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမည့် အဆိုကတော့ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့်ဆေးရွက်ပါတဲ့ ကွမ်းယာစားသုံးစွဲမှု ထိန်ချုပ်လျှော့ချနိုင်ဖို့ ထိရောက်တဲ့မူဝါဒ ချမှတ်အကောင်အထည်ဖော်ရေး အစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်း မှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုဖို့နှင့် တစ်ဆက်တည်းပြသပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့်ကွမ်းစားဆေးပါတဲ့ ကွမ်းယာဟာ တရားဝင်ထုတ်လုပ်ဖြန့်ဖြူးမှုရနေတဲ့ လူသားတွေရဲ့ ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေတဲ့ ပစ္စည်းမျိုးဖြစ်ပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ကွမ်းယာသုံးစွဲမှုဟာ လူတို့ရဲ့ကျန်းမာရေးကို ထိခိုက်ပျက်စီးလာစေတဲ့အပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ မိသားစုဝင်ငွေ ထိခိုက်စေမှု၊ ပါးစောင်၊ လျှာ၊ သွားဖုံး၊ အဆုတ်၊ အစာအိမ်၊ ကင်ဆာနှင့်သွေးကြောပိတ်လိုရောဂါမျိုးနှင့် သေဆုံးကြရတဲ့အထိ ဖြစ်နိုင်တဲ့ရောဂါဖြစ်ပြီးတော့ မိသားစုနှင့် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာစေပါတယ်။ ဒါတွေနှင့်ပတ်သက်ပြီးတော့ ပြည်တွင်းပြည်ပအလုပ်ရုံဆွေးနွေးပွဲတွေ တတ်ရောက်ခဲ့တဲ့ ကိုယ်စားလှယ်များလည်း သိရှိပြီးဖြစ် ပါတယ်။ ဝိုင်းဝန်းပြီးတော့ အကြံပြုဆွေးနွေးပေးကြဖို့ မေတ္တာ ရပ်ခံလိုပါတယ်။

အာဆီယံနိုင်ငံတွေမှာ ဆေးလိပ်သောက်သူ ၂၄၈ သန်းနှင့် ဆေးရွက်ပါတဲ့ ကွမ်းယာစားသုံးသူ သန်း ၂၉၀ လောက်ရှိကြောင်း သိရပြီးတော့ ဆေးရွက်ကြီးကြောင့် ကမ္ဘာ့မှာနှစ်စဉ် လူခုနစ်သန်းလောက် သေဆုံးနေကြပြီးတော့ မြန်မာနိုင်ငံမှာတော့ ပျမ်းမျှ လူခုနစ်သန်းလောက်သေဆုံးနေတယ်လို့ သိရပါ တယ်။ ဆေးလိပ်ဆိုရာမှာ စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးတန်သောက်ဆေးတွေပါတယ်။ ဒါတွေ အားလုံးဟာ ဆေးရွက်ကြီးနှင့်ပြုလုပ်ထားတာဖြစ်ပြီး တချို့က ရှာခလေ့အရ ဆေးရွက်ငုံတာနှင့် ကွမ်းယာမှာထည့်စားတာတွေ တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၉၀ ခုနှစ်မတိုင်မီက ဆေးလိပ်၊ စီးကရက်၊ ကွမ်းယာကို နိုင်ငံအနှံ့ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲတာမရှိသေးဘဲနဲ့ လူအနည်းငယ်ကပဲ ဆေးပေါ့လိပ်နှင့် ဒူးယား၊ စီးကရက်တို့ကို သုံးစွဲကြပြီးတော့ ကွမ်းယာကိုတော့ မိရိုးဖလာဓလေ့အရ သက်ကြီး ရွယ်အိုတွေကပဲ သုံးစွဲကြရတာရှိပါတယ်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာတော့ ပြည်တွင်း စီးကရက်ထုတ်လုပ်မှုတွေ များလာတာနှင့်အမျှ သုံးစွဲမှုတွေလည်း တိုးလာတာကို တွေ့ရပါတယ်။

ကွမ်းယာကလည်းပဲ အလားတူကာလလောက်ကစပြီးတော့ တစ်နိုင်ငံလုံးအနှံ့ ကွမ်းယာ ရောင်းတဲ့ဆိုင်တွေ ပေါ်များလာသလို စားသုံးသူတွေထဲမှာလည်း လူငယ်၊ လူကြီး၊ ယောကျာ်း၊ မိန်းမ အတော်များများ စားလာကြတာ တွေ့ရပါတယ်။ ဒါကြောင့် ကင်ဆာလိုရောဂါမျိုးစုံ ဖြစ်ပွားသေဆုံးမှု ဟာလည်း နှစ်တိုင်းလိုလို ဖြစ်ပေါ်နေတာ

တွေ့ရပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ကွမ်းစားဆေး ပါတဲ့ ကွမ်းယာစားသုံးမှုတွေကလည်းပဲ နိုင်ငံအတွက် အရေးကြီးနိုင်တဲ့ ထိရောက်တဲ့မူဝါဒချမှတ် အကောင်အထည်ဖော်ပေးနိုင်ဖို့ လိုလာပါတယ်။ မူဝါဒချမှတ်ဖို့အတွက် ကဏ္ဍခြောက်ခုနှင့် ဆွေးနွေး တင်ပြမှာဖြစ်ပါတယ်။ အဓိကပြောလိုတာကတော့ ဆေးရွက်ကြီးစိုက်ပျိုးရေးဖြစ်ပြီးတော့ သူနှင့်တွဲပါ လာတဲ့ ထုတ်လုပ်တဲ့ကုန်တွေဖြစ်တဲ့ ကွမ်းရွက်နှင့်ကွမ်းသီးစိုက်ပျိုးမှုလည်း အရေးပါပါတယ်။ ရှေးမြန်မာ့ဓလေ့အရ ဧည့်သည်များကို ဧည့်ခံတဲ့အခါမှာ ဆေးလိပ်၊ ကွမ်းယာမပါမဖြစ် အဓိက ဖြစ်ပေမဲ့ အခုနောက်ပိုင်းမှာတော့ ဒီဓလေ့တွေမရှိသလောက်ဖြစ်သွားပေမဲ့ စီးကရက်၊ ဆေးလိပ်၊ ကွမ်းယာသုံးစွဲမှုဟာ တစ်နိုင်ငံလုံးအနှံ့ လူတန်းစားအသက်အရွယ် အလွှာပေါင်းစုံကျယ်ကျယ် ပြန့်ပြန့် သုံးစွဲလာတာ တွေ့ရပါတယ်။ ဆေးရွက်ကြီးစိုက်ပျိုးမှုအနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး အများဆုံးစိုက်ပျိုးပြီးတော့ အာရှမှာတော့ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံက အများ ဆုံးစိုက်ပျိုးပြီးတော့ စီးကရက်ထုတ်လုပ်နိုင်မှုကလည်း ဒီသုံးနိုင်ငံမှာပဲ အများဆုံးထုတ်လုပ်ကြောင်း သိရပါတယ်။ ကမ္ဘာမှာဆေးရွက်ကြီးဖြင့်ထုတ်လုပ်တဲ့ ကုန်ပစ္စည်းထုတ်လုပ်တဲ့ ကုမ္ပဏီခြောက်ခုရဲ့ တစ်နှစ်အသာတင်ဝင်ငွေဟာ ဒေါ်လာ ၃၅.၁ ဘီလီယံလောက်ရှိပြီးတော့ ကမ္ဘာ့စီးကရက်ထုတ်လုပ်မှုဟာ ၁၈၈၀ ပြည့်နှစ်မှာ အလိပ် ၁၀ ကုဋေပဲရှိပေမဲ့ ၂၀၁၀ ပြည့်နှစ်မှာ ၆၃၁၉ ကုဋေနဲ့ ၂၀၂၀ ပြည့်နှစ်မှာ ၆၈၁၉ ကုဋေအထိ ရှိလာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၀၀ ပြည့်နှစ်က စီးကရက်အလိပ်သန်း ၁၅၀၀ နှင့် ဆေးပေါ့လိပ်သန်း ၂၃၀၀ ထုတ်လုပ်ခဲ့ကြောင်းနှင့် ၂၀၁၅-၂၀၁၆ မှာတော့ စီးကရက်အလိပ်သန်း ၈၀၀၆ ထုတ်လုပ်ဖို့ရှိနိုင် ကြောင်း ၁၅ နှစ်အတွင်းမှာ စီးကရက်အလိပ်သန်းပေါင်း ၆၅၀၀ ကျော်တိုးလာလို့ သုံးစွဲမှုဟာ ငါးဆကျော် တိုးလာတာတွေ့ရပါတယ်။ ဒီလိုတိုးလာမှုတွေဟာ အာဆီယံက မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူတို့ထက်မြင့်ကြောင်း သိရပါတယ်။ မြန်မာနိုင်ငံမှာ စီးကရက်သောက်သုံးသူဟာ အသက် ၁၅ နှစ်အထက်ကနေ ၂၀၁၄ ခုနှစ်မှာအမျိုးသားအားလုံးရဲ့ ၄၃.၈ ရာခိုင်နှုန်းနှင့် အမျိုးသမီးက ၈.၄ ရာခိုင်နှုန်းရှိကြောင်းနှင့် ကွမ်းယာစားသုံးမှုဟာ အမျိုးသားများရဲ့ ၆၂.၂ ရာခိုင်နှုန်းနှင့် အမျိုး သမီးအားလုံးရဲ့ ၂၄.၁ ရာခိုင်နှုန်းရှိကြောင်း သိရတဲ့အတွက် အလုပ်လုပ်နိုင်တဲ့အရွယ်တွေဖြစ်တာ တွေ့ရပါတယ်။ ကွမ်းယာစားသုံးမှုမှာ အာဆီယံမှာ မြန်မာကအများဆုံးဖြစ်ကြောင်း သိရပြီးတော့ ဆေးလိပ်နှင့်ကွမ်းယာသုံးစွဲမှု လျော့နည်းကျဆင်းရေးအတွက် မူဝါဒချမှတ်အကောင်အထည်ဖော် သင့်ပြီလို့ ယူဆပါတယ်။ ပထမအနေနဲ့ စိုက်ပျိုးထုတ်လုပ်၊ သိုလှောင်၊ သယ်ဆောင်၊ ဖြန့်ဖြူး၊ ရောင်းချမှုကဏ္ဍအနေနဲ့ပတ်သက်လို့ နိုင်ငံအတွင်းမှာ ဒါတွေကို အဓိကထားစိုက်ပျိုးနေကြတဲ့ တောင်သူများအနေအထား၊ စိုက်ဧက၊ ထွက်ရှိပမာဏ၊ ဝင်ငွေအနေအထား၊ ဈေးကွက်အနေအထား၊ အလားတူစိုက်ပျိုးထုတ်လုပ်မှုမှရရှိနိုင်တဲ့ သီးနှံလုပ်ငန်းနဲ့ ဝင်ငွေဈေးကွက်အနေအထား တောင်သူများရဲ့ စိတ်ပါဝင်စားမှု၊ စည်းရုံးဆွဲဆောင်နိုင်မည့် အစီအမံနှင့်နည်းလမ်းများ၊ ထုတ်လုပ်သယ်ဆောင် သူ၊ သိုလှောင်ဖြန့်ဖြူးရောင်းချမှုများနှင့်ပတ်သက်လို့ လုပ်ငန်းအရေးအတွက် ထုတ်လုပ်ဖြန့်ဖြူးတဲ့ ပမာဏ ဈေးကွက်ရဲ့ရောင်းလိုအား ဝယ်လိုအားအခြေအနေ၊ ပြည်တွင်းထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှု နှင့်ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းနေမှု၊ တရားမဝင်တင်ပို့မှု၊ တင်သွင်းမှုများအနေအထား ဒီ လုပ်ငန်းများအပေါ် မှီခိုနေရတဲ့ တောင်သူ၊ လုပ်သား၊ ကုန်သည်၊ ဈေးဆိုင်လုပ်ငန်းရှင်အရေးအတွက် နှင့် အလုပ်လက်မဲ့ဖြစ်ပေါ်နိုင်မည့်အနေအထား၊ အစားထိုး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းနှင့် နိုင်ငံတော်မှ ထောက်ပံ့ကူညီပေးနိုင်မည့် လုပ်ငန်းအစီ

အမံများနှင့် စိတ်ပါ ဝင်စားမှုအပေါ် စည်းရုံးနိုင်မည့်အနေအထားများ၊ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နေသူများရဲ့ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ဝင်ငွေအကျိုးအမြတ် ရရှိနေမှု၊ လုပ်ငန်းပြောင်းလဲဆောင်ရွက်မှုကြောင့် ဆုံးရှုံးနစ်နာနိုင်မှုအခြေအနေနှင့် နိုင်ငံတော်မှကူညီထောက်ပံ့နိုင်မည့် အစီအမံနှင့် စိတ်ဝင်စားမှု အနေအထားများ လေ့လာထားသင့်ပါတယ်။

အသိပညာပေးမှုကဏ္ဍအနေနဲ့ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများနှင့် သုံးစွဲသူအပိုင်းနှစ်ခုကို အသိပညာပေးဖို့လိုမှာဖြစ်ပြီးတော့ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသူများအနေနဲ့ မိမိရဲ့ ကိုယ်ကျိုးစီးပွားနှင့် တိုက်ရိုက် ပတ်သက်နေတာဖြစ်လို့ သူတို့ရဲ့အကျိုးစီးပွားထိခိုက်မှာ စိုးရိမ်မှုရှိနိုင် လို့ တဖြည်းဖြည်းလျှော့ချနိုင်မှုနှင့် စိုက်ပျိုးထုတ်လုပ်နေသူများ၊ လုပ်သားများအပေါ် ထိခိုက်နိုင်မှု အနေအထားနှင့်လည်းကောင်း ဥပဒေနှင့်အညီ ထိခိုက်နိုင်မှုအာမခံများ ဆောင်ရွက်ပေးနိုင်မည့် အနေအထား၊ တာဝန်ယူရမည့်အပိုင်းနှင့် ပြည်သူများ ထိခိုက်နစ်နာမှုအနေအထားများ၊ အသိပညာ ပေးခြင်း၊ ဆေးလိပ်၊ ကွမ်းယာသုံးစွဲသူများကိုလည်း ကုန်ကျနေတဲ့ အသုံးစရိတ် မိသားစုဝင်ငွေ မီးဖိုချောင်စရိတ်ကို ထိခိုက်နိုင်မှု၊ ဆေးလိပ်၊ ကွမ်းယာသုံးစွဲနေချိန်မှာ လူ့စွမ်းအားနှင့် အလုပ်လုပ်နိုင်တဲ့ အလုပ်ချိန်ထိခိုက်နိုင်မှု၊ ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းနိုင်မှု ဖြစ်ပေါ်ခံစားရတဲ့ ရောဂါဆိုးများ နှင့် မိသားစုခံစားရမည့် ဒုက္ခဆင်းရဲဆိုးကျိုးများ နိုင်ငံတော်အတွက် ထိခိုက်နစ်နာနိုင်မှု ဝန်ထုပ်ဝန်ပိုး ဖြစ်စေနိုင်မှုအခြေအနေ လေ့လာပညာပေးသင့်ပါတယ်။

ကျန်းမာရေးဆိုင်ရာကဏ္ဍအနေနဲ့ ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးအပိုင်းနှစ်ပိုင်းဖြင့် ကြိုတင်ကာကွယ်ရေးအပိုင်းမှာ ပြည်သူလူထုနှင့်ကျောင်းသူကျောင်းသားများကို ဆေးလိပ်နှင့် ကွမ်းယာရဲ့ဆိုးကျိုးများ၊ လူသားများကို ဒုက္ခပေးနိုင်တဲ့ အာနိသင်ရှိနေမှု၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်မှုအခြေအနေများ၊ ပညာပေးဟောပြောမှု၊ ပိုစတာများကပ်ခြင်းနှင့် လက်ကမ်းစာစောင် များဖြန့်ဝေပေးခြင်း၊ သုံးစွဲနေသူများကိုလည်း သုံးစွဲမှုလျှော့ချနိုင်ရေးမှတစ်ဆင့် လုံးဝပြတ်သည့် အဆင့်အထိ ပညာပေးခြင်း၊ ကုသပေးခြင်း၊ ရောဂါဖြစ်ပွားမှု၊ ကုသပေးနိုင်မှု၊ သေဆုံးမှုအခြေအနေများ အပေါ်မူတည်ပြီး ဆေးဝါးလိုအပ်ချက်၊ ဝန်ထမ်းနှင့် အထောက်အကူပစ္စည်းများ လိုအပ်ချက်များ ကြိုတင်တွက်ချက်ထားမှု ဆောင်ရွက်ထားသင့်ပါတယ်။ အခွန်အကောက်ဆိုင်ရာကဏ္ဍများအနေနဲ့ လက်ရှိနိုင်ငံမှာ ကောက်ခံနေတဲ့အခွန်အနေနဲ့ ၂၀၁၆ ခုနှစ်ကစပြီးတော့ အထူးကုန်စည်ခွန်၊ ကုန်သွယ်ခွန်နှင့် ဝင်ငွေခွန်တို့ ကောက်ခံတာ တွေ့ရပါတယ်။ အထူးကုန်စည်ခွန်အနေနဲ့ စီးကရက်ကို အဆင့်လေးဆင့်ခွဲကောက်ရာမှာ တစ်ဗူးကျပ် ၅၀၀ အထိကို ၁၆ ရာခိုင်နှုန်း၊ ကျပ် ၇၀၀ အထိကို ၂၆ ရာခိုင်နှုန်း၊ ကျပ် ၉၀၀ အထိကို ၂၉ ရာခိုင်နှုန်းနှင့် ကျပ် ၉၀၀ အထက်ကို ၃၀ ရာခိုင်နှုန်းနှင့်အထက် သတ်မှတ်ကောက်ခံပြီးတော့ ကုန်သွယ်ခွန်ကတော့ ၅ ရာခိုင်နှုန်းနဲ့ ဝင်ငွေခွန်ကတော့ ၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်းသတ်မှတ်ကောက်ခံတာတွေ့ရပေမဲ့ ကွမ်းယာ ထုတ်လုပ်မှုတွေအပေါ်မှာ အထူးကုန်စည်ခွန်သတ်မှတ်ကောက်ခံတာ မတွေ့ရပါဘူး။ ဒီနေရာမှာ အခွန်ကောက်ခံတဲ့ မူလရည်ရွယ်ချက်ဟာ သုံးစွဲမှုကို လျှော့ကျနိုင်ဖို့အတွက်ဖြစ်လို့ အခွန်တိုးတက်ရရှိမှုနှင့် အချိုးညီညီသုံးစွဲမှုပမာဏ လျှော့ကျသွားမှု၊ အချိုးညီ/မညီ သုတေသနစစ်တမ်းကောက် ပြီးတော့ အောင်မြင်မှုအနေအထား ဆန်းစစ်ဆောင်ရွက်သင့်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ ၂၀၁၃ ခုနှစ်က အလွှာလေးလွှာကနေပြီးတော့ နှစ်လွှာကို ဆောင်ရွက်ပြီးတော့ ၂၀၁၄ ခုနှစ်မှာ တစ်လွှာတည်း ပြောင်းလဲကောက်ခံတဲ့အခါမှာ ၂၀၁၄ ခုနှစ်မှာ စီးကရက်ခွန်ပီဆို ၅၀ ဘီလီယံမှ ၂၀၁၅ ခုနှစ်မှာ ၇၃ ဘီလီယံထိကောက်ခံရရှိပြီးတော့ ဆေးလိပ်သောက်သုံးသူများကလည်း သိသိသာသာလျော့နည်း ကျသွားကြောင်း သိရပါတယ်။

## မူကြမ်း

အထူးကုန်စည်ခွန်နဲ့ကုန်သွယ်ခွန်ဟာ သုံးစွဲသူအတွက် သွယ်ဝိုက်တဲ့နည်းနဲ့ပညာပေးရတာ ဖြစ်ပြီးတော့ လုပ်ငန်းရှင်များအနေနဲ့ ဝင်ငွေခွန်အတွက်ပေးရတာဖြစ်ပါတယ်။ ယခင်အမြတ်ခွန်ဥပဒေ အရ ဆေးလိပ်၊ ဆေးပေါ့လိပ် ထုတ်လုပ်မှုအပေါ်မှာ ကျသင့်ခွန်ရဲ့ ၁၀ ရာခိုင်နှုန်းထပ်တိုးကောက်ခံ ပေမဲ့ လက်ရှိဝင်ငွေခွန်မှာတော့ အခြားစီးပွားရေး လုပ်ငန်းများနဲ့ တန်းတူပဲကောက်ခံတာတွေ့ရလို့ ဒါကို လည်း စဉ်းစားသင့်တယ်လို့ထင်ပါတယ်။ ပြည်တွင်းထုတ်လုပ် စီးကရက်ဈေးကွက်ဟာ လာအိုမှာ ၀.၆ ဒေါ်လာ၊ စင်ကာပူမှာ ၈.၈ ဒေါ်လာနဲ့ မြန်မာနိုင်ငံမှာ ၀.၃ ဒေါ်လာပဲရှိလို့ သုံးစွဲမှုပိုမိုများနေတယ်လို့ ယူဆပါတယ်။ ဒါကြောင့် အခွန်ကောက်များကို ပြန်လည်ဆန်းစစ်ဖို့လိုမှာဖြစ်ကြောင်း တွေ့ရပါတယ်။

ဥပဒေပြဋ္ဌာန်းမှုကဏ္ဍနဲ့ပတ်သက်လို့ ဆေးလိပ်၊ ဆေးရွက်နဲ့ ဆက်စပ်ပစ္စည်းများ စိုက်ပျိုး ထုတ်လုပ် သိုလှောင်သယ်ဆောင်မှုနဲ့ ကွမ်းယာအပါအဝင် ဖြန့်ဖြူးရောင်းချနေမှုများ ထိန်းချုပ်ရေး၊ သုံးစွဲမှုများအပေါ် လိုက်နာ ရမယ့်အသက်အရွယ်၊ သုံးစွဲခွင့်ပမာဏ၊ နေရာဒေသထိန်းချုပ်ရေး၊ တရား မဝင်ကုန်သွယ်မှုဆိုင်ရာ ထိန်းချုပ်ရေး၊ အခွန်အကောက်ဆိုင်ရာဥပဒေများကို လိုအပ်သလိုပြဋ္ဌာန်း ပြင်ဆင်ဖြည့်စွက်ဖို့လိုမှာဖြစ်ပါတယ်။ ဘတ်ဂျက်ရေးဆွဲရေး ကဏ္ဍအနေနဲ့ အရအသုံးဆိုင်ရာဥပဒေမှာ ကျန်းမာရေးဆိုင်ရာအထောက်အကူပြုနိုင်ရေး ဘတ်ဂျက်တိုးမြှင့်လျာထား ပေးနိုင်ဖို့အတွက် အခွန် အကောက်ရငွေလျာထားရာမှာ လူအများကို ထိခိုက်စေတဲ့ပစ္စည်းထုတ်လုပ်ရောင်းဝယ်မှုကို အခွန်နှုန်း တိုးမြှင့်လျာထားရေးနှင့် ဘတ်ဂျက်တိုးမြှင့်ခွင့်ပြုမှုအပေါ် သုံးစွဲမှုအခြေအနေ ပြောင်းပြန်အချိုးနဲ့ လျှော့ချနိုင်မှု အနေအထားဆန်းစစ်ရေးစတာတွေကို ဆောင်ရွက်နိုင်ဖို့အတွက်ကို ကျန်းမာရေးဝန်ကြီး ဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနနှစ်ခုတည်း ဆောင်ရွက်လို့မရပါဘူး။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဌာနကြီးများက ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်နိုင်ရေး၊ နိုင်ငံသားတိုင်း ကျန်းမာရေးစွမ်းရည်၊ နိုင်ငံရဲ့ GDP တိုးတက်လာရေး၊ နိုင်ငံရဲ့အနာဂတ်လူငယ်များ ဘဝမပျက်စီးရေး၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ရေး၊ နိုင်ငံအတွင်း ဆေးရွက်ကြီး၊ ဆေးလိပ်နှင့် ကွမ်းယာစားသုံးသူများ လျှော့ချနိုင်ဖို့ ထိရောက်တဲ့မူဝါဒ ချမှတ်အကောင်အထည်ဖော်ကာ ဆောင်ရွက်နိုင်ရေး အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခင်ချို တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး ကျန်းမာချမ်းသာကြပါစေလို့ ပထမဦးစွာ ကျွန်တော်ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်အနေနဲ့ လှိုင်းဘွဲ့ မဲဆန္ဒနယ်က ဦးခင်ချို တင်သွင်းသွားတဲ့အဆိုကို အကြံပြုထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ ဆေးလိပ်၊ ကွမ်းယာ၊ ဆေးရွက်ကြီးအခြေခံတဲ့ ဒီပစ္စည်းတွေဟာ ကျွန်တော်တို့နိုင်ငံတင်မကပါဘူး။ နိုင်ငံတကာမှာ အင်မတန်ကို ပြဿနာတက်နေ တဲ့အနေအထားရှိပါတယ်။ ခုနအင်အား

ကောင်းကောင်းနဲ့ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ပြီးတော့မှ လုပ်နေကြတဲ့လုပ်ငန်းတွေအများစုပါ။ ကျွန်တော်ဆိုလိုတဲ့ ခနအင်အား ကြီးကြီးလုပ်ငန်းတွေဆို တာကတော့ အခြေခံကွမ်းယာရောင်းစားနေရတဲ့ ဒီလိုအနေအထားတွေ မပါပါဘူး။ အဲဒီတော့ ဒီဆေးရွက်ကြီးနဲ့ပတ်သက်ပြီးတော့မှ အကုန်လုံးသုံးကြတဲ့ကိစ္စဟာ ကမ္ဘာပေါ်မှာလည်း ပညာပေးမှုတွေ အများကြီးရှိပါတယ်။ နိုင်ငံတကာမှာ ပညာပေးမှုတွေ အများကြီးရှိတယ်။ မြန်မာနိုင်ငံမှာလည်း အများကြီးပညာပေးကြပါတယ်။ ဥပဒေလည်း ပြဋ္ဌာန်းတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနအသီးသီးကလည်း နိုင်ငံတကာမှာရော၊ မြန်မာနိုင်ငံမှာရော အကုန်လုံးလုပ်နေကြ ပေမဲ့ ပညာပေးတာ ပေးတာ၊ ဥပဒေပြဋ္ဌာန်းတာ ပြဋ္ဌာန်းတာ။ ဒါတွေရှိပေမဲ့ အင်မတန်ကို လိုက်နာဖို့ ခက်တဲ့အနေအထား၊ ပညာပေးတာကိုလည်း လိုက်နာဖို့၊ ကျင့်သုံးဖို့ ပြဋ္ဌာန်းထားတဲ့ ဆေးရွက်ကြီးနဲ့ ပတ်သက်တဲ့ ဥပဒေတစ်ခုရှိပါတယ်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ် ရေးဥပဒေဆိုပြီးတော့မှ ၂၀၀၆ ခုနှစ် မေလက နိုင်ငံတော်အေးချမ်းသာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းထားတဲ့ဥပဒေတစ်ရပ်ရှိပါတယ်။ ဒါကိုလည်း အခုထက်ထိ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ အရေးယူခံရတာ တစ်ယောက်မျှမတွေ့သေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါကတော့ ကျန်းမာရေးဝန်ကြီး ဌာနကနေပြီးတော့မှ ဆေးလိပ်ဖြတ်ဖို့အတွက် ပညာပေးတဲ့စာစောင်လေးတွေ ထုတ်ဝေထားတာ ဖြစ်ပါ တယ်။ ဒါကတော့ မြန်မာနိုင်ငံတင်မကပါဘူး။ ကမ္ဘောဒီးယားနိုင်ငံမှာလည်း ဒီလိုပဲ လှုံ့ဆော်ကြတယ်။ လုပ်ကိုင်ကြတယ်။ နောက် အင်ဒိုနီးရှားနိုင်ငံ ဘာလီမှာလည်း အဲဒီလိုပဲ လုပ်ကိုင်ကြပါတယ်။ ဒါကတော့ ဆေးလိပ်မှာပါတဲ့ ဓာတုပစ္စည်းအမျိုး ၇၀၀၀ ကျော်။ အဲဒီထဲက မြို့ ၇၀ ကျော်ကတော့ ကင်ဆာကိုဖြစ်စေ တယ်လို့ဆိုပါတယ်။ ဒါကတော့ Smoke Free City Campaign ဆေးလိပ်မသောက်တဲ့ မြို့တစ်မြို့ ဖြစ်ဖို့အတွက် Campaign လုပ်တဲ့ ဘေးနားက Smoking ဆိုတာဟာအတန်းလိုက်လေး။ အဲဒီမှာ သူကတော့ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်းပြောထားတာ။ N ဆိုတဲ့နေရာမှာ Never Negotiate With Tabacco Industry ဆေးရွက်ကြီးနှင့် ဆေးရွက် လုပ်ငန်း၊ ဆေးလိပ်လုပ်ငန်းတို့နဲ့ လုံးဝမစေ့စပ်ပါနဲ့တဲ့။ G ကတော့ Government Support အစိုးရလည်း အထောက်အကူပြုပါတဲ့။ ဒီလိုအနေအထားလေးတွေ ရှိပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကနေပြီးတော့မှ WHO ရယ်၊ UNICEF ရယ်ပေါင်းပြီး တော့မှ ထုတ်ထားတဲ့ ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်ဆိုတဲ့စာအုပ် အဲဒီထဲက ကောက်နုတ် ထားတာဖြစ်ပါတယ်။ ဒါလည်း ဆေးလိပ်ကြောင့်အဓိကဖြစ်တဲ့ အဆုတ်ကင်ဆာပါ။ ဒီစာအုပ်ကပါပဲ။ ခုန ကျွန်တော်ပြောတဲ့ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေပါ။ ဒီမှာဘာတွေရသလဲဆိုတော့ ပညာပေးတယ်ဆိုတာ တစ်ခါတလေ Negative Sense ဝင်တာ တွေ့ရပါတယ်။ လက်တွေ့ဆိုရင် ကျွန်တော်တို့ကျောင်းသားဘဝ ၁၉၇၁-၁၉၇၂ ခုနှစ်လောက်တုန်းက မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ဥပဒေလည်း ကြီးကြီးမားမားမရှိသေးဘူး။ ဘာဖြစ်လာသလဲဆိုတော့ နံပါတ်ဖိုး(Heroin)ကတော့ ဝင်စပြုလာပြီ။ အဲဒီမှာကာကွယ်ဖို့အတွက် ပါမောက္ခချုပ်ဟာ ဆရာကြီးဦးလှရွှေ လက်ထက်ကပါ။ မန္တလေးတက္ကသိုလ်မှာလာပြီးတော့ ပိတ်ကားထောင်ပြီးတော့မှ Heroin ရဲ့ဆိုးကျိုး၊ ဘိန်းရဲ့ဆိုးကျိုးစသည်ဖြင့် လာပြတယ်။ အင်မတန်ကောင်းပါတယ်။ သို့သော် အဲဒါပြပြီးတဲ့ နောက်တစ်ရက်မှာ Heroin ဆိုတဲ့ဥစ္စာလည်း အသစ်အဆန်းလိုဖြစ်နေတော့ နောက်တစ်ရက်မှာ ကျောင်းသားတချို့ဟာ ဘာဖြစ်သလဲဆိုတော့ လက်တွေ့စမ်းကုန်ကြပါတယ်။ ဘယ်လိုရှိသလဲ ဆိုပြီးတော့။ Negative Sense ပေါ့။ ဒီလိုအနေအထားမျိုးတွေလည်း ရှိတတ်ပါတယ်။ သို့သော် ပညာမပေးလို့လည်းမရဘူး။ ပေးကိုပေးနေရအုံးမှာ။ သို့သော် ပိုက်ဆံအတော်ကုန်တဲ့ကိစ္စပါ။ ဘတ်ဂျက်အတော်ကုန်တဲ့ကိစ္စပါ။ ဒါပေမဲ့ မပေးလို့

လည်းမဖြစ်ပါဘူး။ အဲဒီလိုပဲ ဥပဒေထိန်းချုပ်ရေးမှာ ဆိုရင် ဥပဒေနဲ့ပတ်သက်ပြီးတော့ တစ်ခုလေးကျွန်တော် ရွတ်ပြပါရစေ။ လုပ်ငန်းရှင်တွေပေါ့နော်။ စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေမှာ ဘာဖြစ်လဲဆိုတော့ ကလေးမလေးတွေ တစ်ခါတလေ တွေ့နေရတာ။ စကပ်တိုလေးတွေ၊ ဘောင်းဘီတိုလေးတွေနဲ့ Promotion လာလုပ်နေတာပေါ့နော်။ ဆေးလိပ်သောက်ကြမလား၊ သောက်ကြည့်ပါ။ အလကားပေးတာတို့။ သူ့ဥပဒေမှာ ဘာဆိုထားသလဲ ဆိုတော့ အခန်း(၈) ပြစ်မှုပြစ်ဒဏ်များမှာ ပုဒ်မ ၁၁ မည်သူမဆို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းကို တွင်ကျယ်စွာဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လူအများသိရှိစေရန် အောက်ပါပြုလုပ်မှု တစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ပထမအကြိမ် ဒဏ်ငွေအနည်းဆုံး ၂၀၀၀၀ ကနေပြီး ၅၀၀၀၀၊ ဒုတိယအကြိမ် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်အထိ ချမှတ်မည့် အပြင် ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ ထိ ချမှတ်ရမည်ဆိုပြီးတော့မှ အပိုဒ်ခွဲ(က)မှာ ဘာပါသလဲဆိုတော့ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ ရေးဆွဲ၍ကြော်ငြာခြင်း၊ ကြော်ငြာ ချိတ်ဆွဲခြင်း၊ ကြော်ငြာကပ်ခြင်း၊ ကြော်ငြာလက်ကမ်းစာစောင်ဝေခြင်း သို့မဟုတ် အခြားတစ်နည်းနည်း ဖြင့် ကြော်ငြာခြင်း၊ အပိုဒ်ခွဲ(ဆ)မှာလည်း အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းဆိုပြီးတော့ ဒီကလေးမတွေကို ဒီလိုခိုင်းလိုက်တဲ့ဥစ္စာက ကလေးမတွေမှာကော၊ လုပ်ငန်းရှင်တွေမှာကော ဥပဒေနဲ့ ငြိတယ်လို့ ကျွန်တော်ယူဆပါတယ်။ ဖြစ်သွား၊ ပျက်သွားရင် တကယ်တမ်းမကောင်းပါဘူး။ ဥပဒေ ကလည်းရှိပြီးသား။

အဲဒီတော့ ဆရာဦးထွန်းရွှေကိုပြောတဲ့ကဏ္ဍတွေထဲမှာ ကျွန်တော်တို့အခွန်အကောက်ကဏ္ဍ၊ ဥပဒေပြုကဏ္ဍ၊ ဘတ်ဂျက်ရေးဆွဲရေးကဏ္ဍ ဒါအကုန်လုံး အဆိုရှင်က တော်တော်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ဖြစ်တော့ တောက်လျှောက် သူပြောသွားပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ တစ်ခုအကြံပြု ချင်တာက ဒီအဆိုရှင်ပြောသွားတဲ့အထဲမှာ ဒီဥပဒေနှင့်ပတ်သက်ပြီး ဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ ကျန်းမာရေးဝန်ကြီးဌာနနှင့် စီမံဘဏ္ဍာဝန်ကြီးဌာနနှစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူးတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ပညာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့ပူးပေါင်းပြီး ပါဝင် ဆောင်ရွက်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်ဆိုတော့ ကျွန်တော် အကြံပြုချင်တာက ဒါတင်မကပါဘူး။ ကျွန်တော်တို့ ဥပဒေတစ်ရပ်ပြဋ္ဌာန်းတယ်ဆိုတာက ဒီဆေးလိပ်လုပ်ငန်း၊ ဆေးဝါးလုပ်ငန်းကြီးတွေ၊ ကွမ်းယာလုပ်ငန်းတွေကိုလည်း အပြီးသတ်သွားဖို့မဟုတ်ပါဘူး။ အထိုက်အလျောက်လျော့သွားပြီးတော့မှ လူတွေကျန်းမာရေးတိုးတက်ဖို့ပါ။ အဲဒီမှာ ဘာလိုနေလဲဆိုတော့ ကွမ်းစားဆေးနဲ့ ဆက်စပ်ပစ္စည်း အရောင်းအဝယ်ပြုသူ လုပ်ငန်းရှင်ကြီးတွေ ရှိပါတယ်။ ဆိုင်ကြီးတွေရှိတယ်။ အဲဒီကွမ်းစားဆေးနှင့် ဆက်စပ်ပစ္စည်းအရောင်းအဝယ်ပြုတဲ့လုပ်ငန်းရှင်တွေ၊ ဆိုင်ရှင်ကြီးတွေကို ကျွန်တော်တို့ စုခေါ် ပြီးတော့မှ အောက်သင်းအဖွဲ့ဖွဲ့ပြီးတော့မှ အဲဒီအသင်းအဖွဲ့နှင့် တာဝန်ရှိတဲ့သူတွေ တိုင်ပင်ဆွေးနွေးဖို့၊ အဓိပ္ပာယ်ကတော့ ကျွန်တော်တို့ သူတို့ကိုပစ်မထားဘဲနဲ့ သူတို့ပါတစ်ခါတည်း ပါဝင်ပတ်သက် ပြီးတော့မှ အောင်အောင်မြင်မြင်လုပ်နိုင်ဖို့အတွက် ဒီအသင်းအဖွဲ့ဖွဲ့ပေးဖို့တော့ လိုအပ်တယ်လို့ ကျွန်တော်ယူဆပါတယ်။

အဲဒါကြောင့် လိုရင်းတိုရှင်းပြောရရင်တော့ ဆရာဦးခင်ချိုရဲ့အဆိုဟာ အင်မတန်ကို သင့်မြတ် ပါတယ်။ ရှည့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာစသဖြင့် ကျန်းမာရေးလည်း တိုးတက်လာမယ်။ GDP လည်းတိုးတက်လာမယ် စတဲ့အကျိုးကျေးဇူးတွေကို ရရှိခံစားရမှာဖြစ်တဲ့အတွက် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ပါတဲ့ ကွမ်းယာသုံးစွဲမှု

ထိန်းချုပ်လျှော့ချနိုင်ဖို့ ထိရောက်တဲ့မူဝါဒ ချမှတ် အကောင်အထည်ဖော်ရေး အစိုးရအားတိုက်တွန်းကြောင်းအဆိုကို ကျွန်တော် အကြံပြုထောက်ခံအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုတင်သွင်းသူ၏အဆိုကို ထောက်ခံဆွေးနွေးဖို့ပဲ ဖြစ်ပါတယ်။ မိမိတို့ရဲ့ အကြံပြုချက်၊ ယူဆချက်တွေ ဆွေးနွေးဖို့မဟုတ်ပါဘူး။ အဆိုကို ထောက်ခံဖို့ပဲ။ နောင်ဆွေးနွေးတဲ့အချိန်မှာ စဉ်းစားဆင်ခြင်ပြီးမှ မသက်ဆိုင်တဲ့ကိစ္စများကို မပါရှိဖို့ အရေးကြီးပါတယ်။ အဲဒါသတိပေးလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေ ခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးခင်ချိုတင်သွင်းသွားတဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးခင်ချို လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသော ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးရွက်ပါသည့်ကွမ်းယာ သုံးစွဲမှု ထိန်းချုပ်လျှော့ချနိုင်ရန် ထိရောက်သည့်မူဝါဒ အကောင်အထည်ဖော်ရေး အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈၊ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၂-၇-၂၀၁၉ ရက်(တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းကိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုး တိုးတက်ရေးကော်မတီက အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(အဖွဲ့ဝင်၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသား မှတ်တမ်းနှင့်

မော်ကွန်းဥပဒေကြမ်းကို ကော်မတီကိုယ်စား လွှတ်တော်သို့ တင်သွင်းမည့် ရှားတော မဲဆန္ဒနယ်မှ ကော်မတီအဖွဲ့ဝင်ဖြစ်သူ ဒေါ်ဝင့်ဝါထွန်းဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ ဥပဒေတွေကို စိစစ်ခဲ့ရာမှာအထက်ပါဥပဒေကြမ်းအား ကော်မတီဝင်များနှင့်လေးကြိမ်၊ ဝန်ကြီးဌာနနှင့်နှစ်ကြိမ်၊ ဥပဒေ ကြမ်းကော်မတီတွင်ပါဝင်ပတ်သတ်သူများပါဝင်ပြီးတစ်ကြိမ် အသီးသီးဆွေးနွေးခဲ့ကြပါတယ်ရှင်။ ထိုသို့ ဆွေးနွေးခဲ့ကြရာမှ အထက်ပါဥပဒေကြမ်းအား နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးကို ရှေးရှု ပြီးအောက်ပါရည်ရွယ်ချက်လေးချက်ဖြင့် အသစ်ပြန်လည်ရေးဆွဲရခြင်းဖြစ်ပါတယ်ရှင်။

ရည်ရွယ်ချက်များကတော့ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ မှတ်တမ်းနှင့် မော်ကွန်းများ ကို ဦးစီးဌာနသို့ သတ်မှတ်ချိန်အတွင်း နည်းလမ်းတကျ လွှဲပြောင်းပေးရန်၊ အခြားအဖွဲ့အစည်းများနှင့် အများပြည်သူတို့၏ လက်ဝယ်တွင်ရှိသော တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် မှတ်တမ်းများနှင့် ရှားပါးအမွေအနှစ်အထောက်အထားများကို နိုင်ငံတော်၏ရေးရာကိစ္စရပ်များတွင် အသုံးပြုနိုင်ရေး အတွက် ရှာဖွေစုဆောင်းရန်နှင့် လွှဲပြောင်းရယူရန်၊ နိုင်ငံတော်၏ အမွေအနှစ်အထောက်အထားများ ဖြစ်သည့် မှတ်တမ်းနှင့်မော်ကွန်းများကို တစ်နေရာတည်းတွင် စုစည်းထိန်းသိမ်း ထားခြင်းဖြင့် ပျက်စီး ဆုံးရှုံးခြင်းမှ ကာကွယ်ရန်၊ မှတ်တမ်းမော်ကွန်းများကို စနစ်တကျ ထိန်းသိမ်းထားခြင်းဖြင့် နိုင်ငံတော်၏ ရေးရာကိစ္စရပ်များနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သက်သေအထောက် အထားအဖြစ် အသုံးပြုရန်တို့ ဖြစ်ပါတယ်။

ကျိုးကြောင်းဖော်ပြချက်များအနေနဲ့ကတော့ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီး ဌာန၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် လက်တွေ့ဆောင်ရွက်မှုနယ်ပယ်မှ ကြုံတွေ့ရသည့် လိုအပ်ချက်များကို ဥပဒေတွင် ထည့်သွင်းရန်နှင့် လက်တွေ့မကျတော့သည့် ဥပဒေပါပြဋ္ဌာန်းချက်များ အား ပြောင်းလဲနေသော ခေတ်စနစ်နှင့်ညီစေရန်အတွက် ပြင်ဆင်ရန်လိုအပ်ခြင်း၊ မော်ကွန်းမှတ်တမ်း များအား ရယူသိမ်းဆည်းရာတွင် တိုင်းပြည်၏ အုပ်ချုပ်မှုစနစ်ပြောင်းလဲခြင်း၊ နည်းပညာပြောင်းလဲ ခြင်းများကြောင့် မှတ်တမ်းများလွှဲပြောင်းပေးပို့ရမည့် သတ်မှတ်သည့်ကာလကို ပြင်ဆင်ရန်လိုအပ်ခြင်း၊ တည်ဆဲဥပဒေတွင် အစိုးရ၏မှတ်တမ်းများ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ရန်အတွက် ဦးစီးဌာနမှ ဆောင်ရွက်ပေးမည့် အချက်များမပါဝင်ခြင်း၊ မှတ်တမ်းမော်ကွန်းများ မပျက်စီး၊ မဆုံးရှုံးစေရေးအတွက် မှတ်တမ်းစတင်ဖန်တီးသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဆောင်ရွက်ရမည့် တာဝန်များကို ထိရောက်စွာပြဋ္ဌာန်းသတ်မှတ်ရန်လိုခြင်း၊ မှတ်တမ်းမော်ကွန်းများ၏ စစ်မှန်သောအထောက်အထား များကို အများပြည်သူများ အလွယ်တကူအသုံးပြုနိုင်ရန်အတွက် မော်ကွန်းများ၏ လုံခြုံမှုအဆင့်၊ သတ်မှတ်ချက်များအား ပြင်ဆင်ရန်လိုအပ်ခြင်း စသည့်အချက်အလက်များကို တည်ဆဲဥပဒေစိစစ်ရာ တွင်လည်းကောင်း၊ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းတိုက်ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးရာတွင်လည်းကောင်း စိစစ်တွေ့ရှိရပါတယ်။ ဒီလိုတွေ့ရှိတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဥပဒေမူကြမ်းအား ပြန်လည်ရေးဆွဲခဲ့ရခြင်းဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ (၁၈/၁၉၉၀)ကို ရုတ်သိမ်း၍ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်းကို လွှတ်တော်က အတည် ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(က)နှင့်အညီ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက လွှတ်တော်သို့တင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင်။

**အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးပါထန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ တာဝန်ပေးချက်အရ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်း အစီရင်ခံစာ ကို ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်းကော်မတီ)၁/၂၀၁၉-၁၁၂

ရက် စွဲ ၊ ၂ ၀ ၁ ၉ ခုနှစ်၊ ဇူ လိုင် လ ၁၁ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင် ခံစာတင်ပြခြင်း**

ရည်ညွှန်းချက်။ ပြည်သူ့လွှတ်တော်ရုံး၏ ၁၁-၆-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀(၁၇၁)/ပထစ-၂၀၁၉

၁။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(ဃ)အရ ပြည်သူ့လွှတ်တော်တွင် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ်အခြေခံ၍ ရေးဆွဲလာ ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ မှတ်တမ်းနှင့်မော်ကွန်းများကို ဦးစီးဌာနသို့ သတ်မှတ်ချိန်တွင် နည်းလမ်းတကျ လွှဲပြောင်းပေးရန်၊

(ခ) အခြားအဖွဲ့အစည်းများနှင့် အများပြည်သူတို့၏ လက်ဝယ်တွင်ရှိသော တစ်မျိုးသားလုံး နှင့်သက်ဆိုင်သည့် မှတ်တမ်းနှင့် ရှားပါးအမွေအနှစ်အထောက်အထားများကို နိုင်ငံတော်၏ အရေးအရာကိစ္စများတွင် အသုံးပြုနိုင်ရေးအတွက် ရှာဖွေစုဆောင်းရန်နှင့် လွှဲပြောင်းရယူရန်၊

(ဂ) နိုင်ငံတော်၏ အမွေအနှစ်အထောက်အထားများဖြစ်သည့် မှတ်တမ်းမော်ကွန်းများကို တစ်နေရာတည်းတွင် စုစည်းထိန်းသိမ်းထားခြင်းဖြင့် ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်ရန်၊

မူကြမ်း

(ဃ) မှတ်တမ်းမော်ကွန်းများကို စနစ်တကျထိန်းသိမ်းထားခြင်းဖြင့် နိုင်ငံတော်၏ အရေးအရာကိစ္စများနှင့် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သက်သေအထောက်အထားပြုရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ၉-၇-၂၀၁၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ် ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့်ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ ဥပဒေအသေးစိတ်ကိုတော့ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါသဖြင့် အချိန်ကိုငဲ့ညှာ သောအားဖြင့် ဖတ်ကြားခြင်းမပြုတော့ပါ။

၄။ သို့ဖြစ်ပါ၍ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင် ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့် အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင် ပါသည်။

[အစီရင်ခံစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ။ အကြောင်းအရာတို့ကို တိတိကျကျ ဖော်ပြ၍ ၂၃-၇-၂၀၁၉ ရက်(အင်္ဂါနေ့) ညနေ ၄း၀၀ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

မှုကြမ်း

**အခမ်းအနားမှူး။**   ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၈.၇.၂၀၁၉)
ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



U Aung Zaw Thein　　U Tun Wai



U Win Maw Tun　　U Tun Myint



U Win Maw Tun　　U Aung Soe



Dr Myint Htwe　　U Soe San Thet Tun



Dr Myint Htwe　　Dr Min Thein



Dr Myint Htwe　　Dr Sein Mya Aye

pyithu.hluttaw.mm



Dr Myint Htwe



Dr Salai Reran Vel

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ  လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ  လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက်  လွှတ်တော်က  ဖော်ဆောင်ရွက်